# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၈ ရက် စနေနေ့။ Saturday, 1 July 2017 (၈၉၇၂)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

တောင်ကိုရီးယားနှင့် အမေရိကန် ထိပ်သီးဆွေးနွေးပွဲ၌ ကုန်သွယ်ရေးကိစ္စရပ်မှသည် မြောက်ကိုရီးယားအရေးအထိ ဆွေးနွေးဖွယ်ရှိ

စာမျက်နှာ - ၄

သူနာပြုရာထူးအခေါ်အဝေါ်နှင့် လစာနှုန်းတိုးမြှင့်ပြင်ဆင်သတ်မှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၅

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ ထိန်းသိမ်းခြင်းမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၅


# ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေး နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေးတစ်ရပ်ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားပြီး မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေများနှင့် လုံခြုံရေးဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်(ဒေါက်တာကိုဖီအာနန်ကော်မရှင်)၏ ကြားဖြတ်အစီရင်ခံစာနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းခဲ့သည့် Fact Finding Mission နှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



**ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေးကျင်းပစဉ်။**

## နိုင်ငံခြားသားအလုပ်သမားများစီမံခန့်ခွဲရေးဥပဒေကျင့်သုံးမှု ထိုင်းနိုင်ငံ၌ ရက်ပေါင်း ၁၂၀ ရပ်ဆိုင်း

**နေပြည်တော် ဇွန် ၃၀ -** ရန်ကုန်မြို့၌ ယနေ့ကျင်းပသည့် မြန်မာ-ထိုင်းနှစ်နိုင်ငံအလုပ်သမားအရေး ကျွမ်းကျင်သူများအစည်းအဝေးတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ ညှိနှိုင်းဆွေးနွေးချက်များအရ ထိုင်းနိုင်ငံတွင် ယခုကျင့်သုံးနေသည့် နိုင်ငံခြားသားအလုပ်သမားများ စီမံခန့်ခွဲရေးဥပဒေကျင့်သုံးခြင်းကို ထိုင်းနိုင်ငံဝန်ကြီးချုပ်က ရက်ပေါင်း ၁၂၀ ရပ်ဆိုင်းလိုက်ကြောင်း ထိုင်းနိုင်ငံအလုပ်အကိုင်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်း၌ နိုင်ငံခြားသားများနေထိုင်ခွင့် သက်တမ်းတိုးမြှင့် ပြည်ပြန်ဝင်ခွင့် ဗီဇာလျှောက်ထားမှုနှုန်းထား ပြင်ဆင်

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ ပြည်တွင်းနေထိုင်ခွင့်သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားခြင်းအတွက် နှုန်းထားပြင်ဆင်သတ်မှတ်ချက်များကို ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

ထိုသို့ သက်တမ်းတိုးမြှင့်ခြင်းအတွက် ပြင်ဆင်သတ်မှတ်မည့် နှုန်းထားများမှာ နေခွင့်(Stay)ဗီဇာအမျိုးအစားများအတွက် နေခွင့်ကာလတစ်ရက်မှ သုံးလအထိ ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၅၀ ဖြင့် လည်းကောင်း၊ သုံးလမှ ခြောက်လအထိ ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၁၀၀ ဖြင့် လည်းကောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ကြေးမုံ

# တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်တွင်းရေးရာကိစ္စရပ်များကို နိုင်ငံတော်နှင့်ပြည်သူများကိုယ်တိုင် ဖြေရှင်းဆောင်ရွက်ခဲ့ကြရာ မပြေမအေးမငြိမ်းဖွယ်ကိစ္စရပ်များ ပြေငြိမ်းအေးအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များမှာ ရှေးယခင်ကာလကလည်း မကြာခဏဖြစ်ပေါ်ခဲ့ဖူးပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြေအေးအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် သတိကြီးကြီးထားကာ စိတ်ရှည်လက်ရှည် ဥပဒေနှင့်အညီ စနစ်တကျ ကိုင်တွယ်ဖြေရှင်းပေးနေချိန်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ပြီးခဲ့သည့် မတ်လ ၂၄ ရက်နေ့က ပြုလုပ်ခဲ့သော (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥရောပသမဂ္ဂက အဓိကအဆိုရှင်အဖြစ် တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်ကို မဲမခွဲဘဲ အတည်ပြုချမှတ်လိုက်သည်မှာ စိတ်ပျက်ဖွယ်ကောင်းလှပေသည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း ယခုကဲ့သို့ အတည်ပြုချမှတ်ခြင်းကိစ္စရပ်များကို မြန်မာနိုင်ငံအနေဖြင့် လက်မခံကန့်ကွက်ရှုတ်ချရမည်မှာ သဘာဝကျပေသည်။ ယင်းဆုံးဖြတ်ချက်ချမှတ်ခြင်းကိစ္စနှင့်ပတ်သက်၍ လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုပါဆုံးဖြတ်ချက်တစ်ခုလုံးကို သဘောတူလက်ခံခြင်းမရှိကြောင်း အတိအလင်း ပြောကြားခဲ့ပြီးဖြစ်သလို လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် အိန္ဒိယ၊ တရုတ် စသည့်နိုင်ငံတို့ကလည်း သဘောတူလက်ခံခြင်းမရှိကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မေလနှင့် ဇွန်လအတွင်းက ဥရောပသမဂ္ဂဌာနချုပ်နှင့် အနောက်နိုင်ငံများသို့ တရားဝင်ခရီးစဉ်ဆက်တိုက်သွားရောက်ခဲ့ရာတွင် အဆိုပါ မစ်ရှင်စေလွှတ်ရေးကိစ္စသည် မြေပြင်အခြေအနေများနှင့် ကိုက်ညီမှုမရှိသည့်အတွက် လက်မခံနိုင်ကြောင်း၊ ရခိုင်ဒေသရှိ အသိုက်အဝန်းနှစ်ရပ်ကို ပိုမိုပြိုကွဲစေနိုင်သည့် အကြံပြုချက်များသည် ပြဿနာဖြေရှင်းရာတွင် အထောက်အကူမပြုသည့်အတွက် လက်မခံနိုင်ခြင်းဖြစ်ကြောင်းနှင့် ဒေါက်တာကိုဖီအာနန်၏ အကြံပေးကော်မရှင်က ထောက်ခံတင်ပြချက်များအား အကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်တည်တံ့သည့်ဖြေရှင်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရောက်ရှိရာနိုင်ငံတိုင်းတွင် ပြတ်ပြတ်သားသား ပြောကြားခဲ့ပြီးဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ယမန်နှစ် အောက်တိုဘာလအတွင်း နယ်စပ်ရဲစခန်းများအား ဝင်ရောက်စီးနင်း တိုက်ခိုက်ခံရပြီးနောက် အဆိုပါဒေသများ လုံခြုံရေးအတွက် နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ချက်ချင်းဖွဲ့စည်းကာ ဖြစ်စဉ်ဖြစ်ပွားသည့်ဒေသများသို့ စုံစမ်းစစ်ဆေးမှုများ သွားရောက်ပြုလုပ်ခဲ့သည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားသို့လည်း သွားရောက်ကာ စုံစမ်းမေးမြန်းမှုများပြုလုပ်နိုင်စေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ မကြာမီတွင် အဆိုပါကော်မရှင်က နိုင်ငံတကာက ယုံကြည်လက်ခံနိုင်သည့် အစီရင်ခံစာထုတ်ပြန်လာလျှင် လူ့အခွင့်အရေးကောင်စီက စေလွှတ်မည့်အချက်အလက်ရှာဖွေရေးမစ်ရှင်အား လက်ခံရန် နိုင်ငံတကာမှ ဖိအားပေးမှုများကို ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်တွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုတိုးတက်ရရှိရေး၊ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ တိုးမြှင့်ပေးအပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ပေးနေချိန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများမရှိသလို၊ ရှိသည်ဟု သက်သေအထောက်အထား ခိုင်ခိုင်လုံလုံပြနိုင်ပါက ဥပဒေနှင့်အညီ လိုအပ်သည့်အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်၍ မြန်မာနိုင်ငံ၏ အရေးကိစ္စတွင် ပြင်ပမှ မည်သည့်ဝင်ရောက်စွက်ဖက်မှုမျိုးကိုမဆို လက်ခံမည်မဟုတ်ပါကြောင်း။ ။

## မြန်မာနိုင်ငံနှင့် မက္ကဆီကို နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စင်ကာပူမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီး H.E. Mr. Nathan Wolf Lustbader အား ယမန်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လယ်ယာကဏ္ဍနှင့် နည်းပညာပိုင်းဆိုင်ရာများ၊ စိုက်ပျိုးရေးထွက်ကုန် နှံစားသီးနှံနှင့် အခြားစက်မှုသီးနှံများ ပြည်ပသို့ တင်ပို့နိုင်ရေးဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လယ်ယာကဏ္ဍဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ် ချမှတ်ဆောင်ရွက်နေမှုများနှင့် မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံး စက်ကိရိယာများ၊ ရိတ်သိမ်းချိန်လွန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပါအဝင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ



**လယ်ဝေး ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဇွန် ၂၇ ရက် မွန်းလွဲပိုင်းတွင် သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ကျော်ဦးလွင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ရာ ဗိုလ်ကြီး တယ်တင်(ငြိမ်း)က လက်ခံရယူသည်။

ထို့နောက် သဘာပတိ ဗိုလ်ကြီး မြင့်အောင်(ငြိမ်း)က အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းကဏ္ဍကြီး(၅)ရပ် အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ရေးအဖွဲ့နှင့် ရွေးချယ်ခံရသည့် အမှုဆောင်အမည်စာရင်းကြေညာ၍ ရွေးချယ်ခြင်းခံရသည့် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများ လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများ လုပ်ငန်းများ စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၂၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများဖြစ်သော ဇီးကုန်းလေးကျေးရွာနှင့် မယ်ဇလီခင်ကျေးရွာတို့သို့ သွားရောက်၍ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းဆိုင်ရာ စာရင်းဇယားပုံစံများ၊ မြစိမ်းရောင်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများတွင် မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်(ရွှေဈေး) ၉၀၀၅၀၀ - ၉၀၀၅၀၀ မန္တလေး(ရွှေဈေး) ၉၀၀၅၀၀ - ၉၀၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၃၀ ကျပ်၊ | ၇၈၅/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၀၀ ကျပ်၊ | ၆၇၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅/၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၉၀/၅၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၆၅/၅၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၅၆. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၆၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၀၅၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၆၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၄. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၉၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၆. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၇. ၅၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်စေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဈေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံအား ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ခ်ျ အား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး မစ္စတာ နသန် ဝုဖ် လက်စ်ဘေဒါအား နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့ ဆက်ဆံရေးပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မက္ကဆီကို ပြည်ထောင်စုနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-မက္ကဆီကို နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံနှင့် တွေ့ဆုံစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွတ်ချ်နှင့် တွေ့ဆုံစဉ်။**

**✻ ရွှေ့ဖုံးမှ**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး အစည်းအဝေးကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ခ်ျအား ယမန်နေ့မွန်းလွဲ ၂ နာရီက ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**❖ ပြည်တွင်းမှ**

ခြောက်လအထက်မှ တစ်နှစ်အထိဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့်လည်းကောင်း၊ တစ်ကြိမ် အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ (Single Re-entry Visa) အမျိုးအစားအတွက် နေခွင့်သက်တမ်းအတွင်း အများဆုံး ခြောက်လအထိ ပြင်ဆင်သတ်မှတ်ပြီး ယင်းအတွက် ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၆၀ ဖြင့်လည်းကောင်း၊ အကြိမ်ကြိမ် အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ (Multiple Journey Special Re-entry Visa) အမျိုးအစားအတွက် နေခွင့်သက်တမ်းအတွင်းအများဆုံး တစ်နှစ်အထိ ပြင်ဆင်သတ်မှတ်ပြီး ယင်းအတွက် ဗီဇာကြေးအား အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့်လည်းကောင်း ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သက်သက်ပိုင်(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကိစ္စနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ မေတ္တာရပ်ခံစာပေးပို့

**နေပြည်တော် ဇွန် ၃၀**

ထိုင်းနိုင်ငံ၌ ဇွန် ၂၀ ရက်က ထုတ်ပြန်ခဲ့သည့် အလုပ်ရှင်၊ အလုပ်သမားဥပဒေသစ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးအကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ လိုအပ်သကဲ့သို့ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာတစ်စောင်ကို ယနေ့ ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါစာတွင် ထိုင်းနိုင်ငံ၌ အလုပ်ရှင်၊ အလုပ်သမားဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ အကောင်အထည်ဖော်ရာတွင် ထိုင်းရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးမှုများ လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ ထိုင်းနိုင်ငံ၏ အသစ်ပြဋ္ဌာန်းသော ဥပဒေနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမှတ်ချက်မပြုလိုသော်လည်း ဥပဒေသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ လူ့အခွင့်အရေးကို အကာအကွယ်ပေးရေးအတွက် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လိုအပ်သကဲ့သို့ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သူများအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများစုပေါင်း၍ ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၃၀**

တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများကိုယ်စား မောင်ကျော်စံဝင်းက ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မောင်ကျော်စံဝင်းနှင့် အဖွဲ့က တက္ကသိုလ်များနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသားကျောင်းသူများကိုယ်စား ထောက်ပံ့ငွေကျပ် ၂၉ သိန်းကို ပေးအပ်ရာ



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံ၍ ကျေးဇူးတင်မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများမှာ မန္တလေး၊ တောင်ကြီး၊ မိတ္ထီလာ၊ ကျောက်ဆည်နှင့် မော်လမြိုင်မြို့များရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများဖြစ်ပြီး စုပေါင်း၍ ထောက်ပံ့ငွေ ပေးအပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# တောင်ကိုရီးယားနှင့် အမေရိကန် ထိပ်သီးဆွေးနွေးပွဲ၌ ကုန်သွယ်ရေးကိစ္စရပ်မှသည် မြောက်ကိုရီးယားအရေးအထိ ဆွေးနွေးဖွယ်ရှိ

**ဝါရှင်တန် ဇွန် ၃၀**

တောင်ကိုရီးယား သမ္မတမွန်းဂျယ်အင်းသည် သမ္မတရာထူးတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးချိန်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအကြိမ်ရောက်ရှိလာပြီး သမ္မတဒေါ်နယ်လ်ထရန့်နှင့် ဇွန် ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတမွန်းသည် ဇွန် ၂၉ ရက်တွင် အိမ်ဖြူတော်၌ သမ္မတထရန့်နှင့် သမ္မတကတော်တို့ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

သမ္မတမွန်းသည် အမေရိကန် ကွန်ဂရက်လွှတ်တော်အဆောက်အအုံ၌ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏ ခေါင်းဆောင်များနှင့် ဇွန် ၂၉ ရက်တွင် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးမှာ ဆက်လက်ခိုင်မာ တိုးတက်လျက်ရှိကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ ပေါလ်ယန်းက ပြောကြားသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြောက်ကိုရီးယားအရေး အပါအဝင် နှစ်နိုင်ငံနှင့် သက်ဆိုင်နေသော အရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

သမ္မတမွန်းသည် ဇွန် ၂၈ ရက်တွင် ဗာဂျီးနီးယားရှိ သူရဲကောင်းဂူဗိမာန်သို့ သွားရောက်ခဲ့ကာ ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးခဲ့ကြရသော မရိန်းတပ်ဖွဲ့ဝင်များအား လွမ်းသူ့ပန်းခွေချကာ ဂါရဝပြုခဲ့သည်။

မြောက်ကိုရီးယား၏နျူကလီးယားအစီအစဉ်အဆုံးသတ်စေရေး၊ ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးတို့အတွက် တောင်ကိုရီးယားနှင့် အမေရိကန်တို့ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

မြောက်ကိုရီးယားပဋိပက္ခနှင့် ပတ်သက်၍ မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းနိုင်မည်ကို သမ္မတထရန့်နှင့် ဆွေးနွေးသွားလိုကြောင်း မွန်းက ပြောကြားသည်။



သမ္မတမွန်းနှင့်သမ္မတထရန့်တို့ ဇွန် ၃၀ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးသည့်အခါ အမေရိကန်တပ်ဖွဲ့၏ ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်ခြင်းနှင့် ဆက်နွှယ်နေသော စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒေသတွင်း၌ တရုတ်နိုင်ငံ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးဖွယ်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

၎င်းအပြင် တောင်ကိုရီးယားနှင့် အမေရိကန်အကြား ကုန်သွယ်ရေးမညီမျှဖြစ်ပေါ်နေခြင်း ကိစ္စရပ်အပါအဝင် စီးပွားရေးဆက်ဆံမှု အခြေအနေနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆွေးနွေးကြဖွယ်ရှိသည်ဆို၏။ **ရိုက်တာ။**



# ဆီးရီးယားနယ်စပ်ရှိ ဒုက္ခသည်စခန်း၌ လက်ဘနွန်တပ်ဖွဲ့များကို အသေခံဗုံးခွဲတိုက်ခိုက်

**ဘေရွတ် ဇွန် ၃၀**

ဆီးရီးယားနိုင်ငံ နယ်စပ်နှင့်ထိစပ်နေသော အာဆယ်မြို့အတွင်းရှိ ဆီးရီးယားဒုက္ခသည်စခန်းနှစ်ခုကို စီးနင်းရှာဖွေမှုပြုလုပ်သည့် လက်ဘနွန်အစိုးရတပ်ဖွဲ့ဝင်များကို အသေခံဗုံးဖောက်ခွဲရေးသမား ငါးဦးက ဇွန် ၂၉ ရက်တွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဆင္ဌမမြောက် စစ်သွေးကြွတစ်ဦးက ကင်းလှည့်နေသော တပ်ဖွဲ့ဝင်များကို လက်ပစ်ဗုံးဖြင့်ပစ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်အတွင်း လက်ဘနွန်အစိုးရ တပ်ဖွဲ့ဝင်ခုနစ်ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း လက်ဘနွန် စစ်ဘက်က ပြောကြားသည်။

ဆီးရီးယားဒုက္ခသည်များနေထိုင်သည့် ဒုက္ခသည်စခန်းအတွင်း သင်္ကာမကင်းဖွယ်ရာ စစ်သွေးကြွတစ်ဦးကို ကင်းလှည့်လာသည့် အစိုးရတပ်ဖွဲ့များက လိုက်လံဖမ်းဆီးစဉ် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း နယ်စပ်မြို့အနီးရှိ ဒုက္ခသည်စခန်း၌ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က ပြောကြားသည်။

အခြားအသေခံဗုံးဖောက်ခွဲသူလေးဦးသည် ၎င်းတို့ကိုယ်တွင် တပ်ဆင်ထားသောဗုံးများကို ဖောက်ခွဲခဲ့သော်လည်း လက်ဘနွန်တပ်ဖွဲ့ဝင်များ ထိခိုက်သေကျေမှုမရှိကြောင်း၊ စစ်သွေးကြွတစ်ဦးကမူ ကင်းလှည့်လာသည့် အစိုးရတပ်ဖွဲ့စစ်ကြောင်းကို လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ စစ်သားလေးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါဒုက္ခသည်စခန်း၌ ဒုက္ခသည် ထောင်ပေါင်းများစွာ ခိုလှုံလျက်ရှိကြပြီး ဆီးရီးယားမှ လာရောက်သော စစ်သွေးကြွများ ခိုလှုံရာစခန်းအဖြစ် ကာလကြာရှည်ရပ်တည်လာခဲ့သည်ဆို၏။

၂၀၁၄ ခုနှစ်က တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အာဆယ်မြို့ကို စစ်သွေးကြွများက တစ်ခဏတာမျှ သိမ်းပိုက်ထားနိုင်ခဲ့သည်။ ယင်းတိုက်ပွဲတွင် လူအများအပြား သေဆုံးခဲ့ရပြီး ဆီးရီးယားပဋိပက္ခ လက်ဘနွန်နိုင်ငံအတွင်းသို့ ကူးစက်လာမှုအဖြစ် ရှုမြင်ခဲ့ကြသည်။

လက်ဘနွန်၌ မကြာသေးမီ နှစ်များအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများသည် ဆီးရီးယားစစ်ပွဲနှင့် ဆက်နွှယ်မှုရှိကြောင်း၊ ဆီးရီးယားနိုင်ငံ၌ လက်ဘနွန်ရှီးယိုက်အုပ်စုဖြစ်သော ဟစ်ဇဘိုလာအဖွဲ့က သမ္မတဘရှားအာဆတ်၏ တပ်ဖွဲ့များဘက်မှ ပါဝင်တိုက်ခိုက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# တရုတ်(တိုင်ပေ)သို့ ကာကွယ်ရေးလက်နက်များရောင်းချမည်ဟု အမေရိကန်အစိုးရ ဆုံးဖြတ်

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်ဦးဆောင်သောအစိုးရက တရုတ်(တိုင်ပေ)ကို ပထမဆုံးအကြိမ်အဖြစ် လက်နက်များရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်(တိုင်ပေ)သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂ ဘီလီယံတန်ဖိုးရှိ ကာကွယ်ရေးလက်နက် ရောင်းချမှုကို အမေရိကန်အစိုးရအဖွဲ့က ကွန်ဂရက်စ်သို့ အစီရင်ခံစာ ပေးပို့ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟီသာနျူးရတ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ယင်းသို့ တရုတ်(တိုင်ပေ) အား ကာကွယ်ရေးလက်နက်များရောင်းချခြင်းသည် တရုတ်(တိုင်ပေ)၏ ကာကွယ်ရေးစွမ်းပကားတိုးမြှင့်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဟီသာနျူးရတ်က ဆက်လက်ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)သည် တရုတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဆိုသည်ကို ပြသသော 'တစ်နိုင်ငံစနစ်နှစ်မျိုး'မူဝါဒကို သမ္မတဒေါ်နယ်လ်ထရန့်က ၎င်းအနေဖြင့် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ယမန်နှစ်အတွင်း မဲဆွယ်စည်းရုံးခဲ့စဉ်က ပြောကြားခဲ့သည်။ သို့သော် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပြီးနောက် အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းကို အရေးပါသောကဏ္ဍတစ်ရပ်အဖြစ်သတ်မှတ်ထားကြောင်း သိရသည်။

တရုတ်(တိုင်ပေ)အား အမေရိကန်နိုင်ငံက ကာကွယ်ရေးလက်နက်များ ရောင်းချခြင်းနှင့်ပတ်သက်ပြီး ဝါရှင်တန်မြို့ရှိ တရုတ်သံရုံးက ကန့်ကွက်ကြောင်း အစီရင်ခံစာတင်သွင်းထားသည်။

တရုတ်(တိုင်ပေ)သို့ လက်နက်ရောင်းချခြင်းသည် အမေရိကန်အနေဖြင့် မှားယွင်းသော ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လိုက်ခြင်းပင်ဖြစ်သည်ဟု သံရုံးပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ ထို့ပြင် အမေရိကန်၏ ဆုံးဖြတ်ချက်ချမှတ်မှုသည် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြားထားရှိသော အခြေခံစည်းမျဉ်း၊စည်းကမ်းများကို ချိုးဖောက်ရာရောက်ရုံသာမက တရုတ်နိုင်ငံ၏ပြည်တွင်းရေးကိုပါ ဝင်ရောက်နှောင့်ယှက်ခြင်းပင်ဖြစ်သည်ဟု သံရုံးကထုတ်ပြန်သည့် အစီရင်ခံစာတွင် ပါရှိသည်။ အမေရိကန်နိုင်ငံအနေဖြင့် ချမှတ်ထားသော ဆုံးဖြတ်ချက်ကိုချက်ချင်း ပြန်လည်ရုပ်သိမ်းပေးရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ဗီယက်နမ်၌ နှစ်ထပ်ဘတ်စ်ကား ခရီးစဉ်စတင်

**ဟနွိုင်း ဇွန် ၃၀**

ဗီယက်နမ်နိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် ပထမဆုံးအကြိမ် နှစ်ထပ်ဘတ်စ်ကားခရီးစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ ခရီးစဉ်စမ်းသပ်ပြေးဆွဲမှုကို ဇွန် ၃၀ ရက်တွင် ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

လာမည့် တစ်လ၊ နှစ်လအတွင်းမှာပင် နှစ်ထပ်ဘတ်စ်ကားများကို ကျယ်ပြန့်စွာ အသုံးပြုသွားရန် စီစဉ်ထားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ပြည်တွင်း၌ ထုတ်လုပ်ထားသော နှစ်ထပ်ဘတ်စ်ကားမှာ ထုတ်လုပ်မှုစရိတ် ဗီယက်နမ် ဒေါင် ၈ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၅၄၀၀၀)ရှိကာ ခေတ်မီဆက်သွယ်ရေးကိရိယာများ၊ 4G ဝိုင်ဖိုင်ဝန်ဆောင်မှုများတပ်ဆင်ထားသည်။ နှစ်ထပ်ဘတ်စ်ကားခရီးစဉ်များအရ မြို့တော်ဟနွိုင်းရှိ အဓိကနေရာများသို့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဟနွိုင်း၌ နှစ်ထပ်ဘတ်စ်ကားများဖြင့် ခရီးသွားဧည့်သည်များ စိတ်ဝင်စားစရာ နေရာခြောက်ခုသို့ လည်းကောင်း၊ အဆိုပါနယ်မြေများနှင့် လေဆိပ်အကြားလည်းကောင်း ပြေးဆွဲပေးမည်ဖြစ်သည်။

**ဆင်ဟွာ။**

# သူနာပြုရာထူးအခေါ်အဝေါ်နှင့် လစာနှုန်းတိုးမြှင့်ပြင်ဆင်သတ်မှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ (၁၆)ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံအား ဖွဲ့စည်းပုံအပြည့် ဝန်ထမ်းအင်အားခန့်အပ်ကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ကုသမှုများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာနအနေဖြင့် ဆင်မတောင်တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံခွင့်ပြုမိန့်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၉၉ ဒသမ ၇ သန်း အသုံးပြု၍ ဆေးရုံပင်မအဆောက်အအုံ၊ နှစ်ခန်းတွဲ ဆရာဝန်နေအိမ်၊ လေးခန်းတွဲသူနာပြုအိမ်၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာ၊ ရင်ခွဲရုံအဆောက်အအုံတို့ကို ဆောက်လုပ်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် ဆေးရုံအတွင်းလမ်းများ ပြုပြင်ခြင်းအပါအဝင် အသေးစားလိုအပ်ချက်များအား ကုမ္ပဏီမှတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ဖြည့်စွက်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ပြီး ဆေးရုံလုပ်ငန်းများ စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာဝန်ခန့်ထားရေးနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံလုပ်သက်နှစ်နှစ်အထက်ရှိသော ဆရာဝန်များကို ခန့်ထားပြီးဖြစ်ပါကြောင်း၊ အထက်တန်းသူနာပြုတစ်ဦးကို ခန့်ထားပေးပြီး ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သစ်လွင်သူနာပြုများ ခန့်ထားမည့်အချိန်တွင် ဆင်မတောင်တိုက်နယ်ဆေးရုံအတွက် ဦးစားပေး ခန့်အပ်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အခြားဝန်ထမ်းများ ခန့်အပ်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

ရမည်းသင်း မဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း၏ **ရမည်းသင်းမြို့နယ် သစ်ဆုံကြီးတိုက်နယ်ဆေးရုံအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရမည်းသင်းမြို့နယ်အနေဖြင့် ပျားစည်တိုက်နယ်ဆေးရုံနှင့် သစ်ဆုံကြီးတိုက်နယ်ဆေးရုံ တည်ဆောက်ပေးရန် မေးမြန်းထားသည်ကို ပြီးခဲ့သည့် နှစ်လခန့်က ရမည်းသင်းမြို့နယ် ပျားစည်တိုက်နယ်ဆေးရုံအတွက် စံကိုက်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ဟု ဖြေကြားထားပါကြောင်း၊ သို့သော်လည်း မြို့နယ်တစ်မြို့နယ်တည်းတွင် ဆေးရုံနှစ်ရုံဖြစ်သည့်အတွက် ယခုနှစ် တည်ဆောက်မပေးနိုင်ပါကြောင်း၊ ဒုတိယဦးစားပေးအရ သစ်ဆုံကြီးတိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေအဆိုပြုတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၏ **အင်းတော်မြို့နယ်တွင် အားကစားခန်းမ၊ မြို့နယ်အားကစားနှင့် ကာယပညာရုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊** ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **တိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၊ ခရိုင်ပြည်သူ့ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးများတွင် အချုပ်တရားခံများ ဆေးကုသရန်အတွက် သီးခြားအခန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊** ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ **ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ဆေးရုံမှ (၅၀) ခုတင်ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသည့် **"ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက အဆိုရှင်၏ တင်ပြချက်မှ သူနာပြုဒီပလိုမာနှင့် သူနာပြုတက္ကသိုလ်တို့ကို အမှတ်ဖြင့်မကန့်သတ်ဘဲ ဝါသနာဖြင့် ကန့်သတ်သင့်ပါကြောင်း၊ ယင်းအချက်ကို မိမိတို့သဘောတူပါကြောင်း၊ အများအားဖြင့် ကျန်းမာရေးဝန်ထမ်းများသည် ဝါသနာပါ၍ လုပ်ကိုင်ကြသည်များကို တွေ့ရပါကြောင်း၊ စေတနာ၊ ဝါသနာနှင့်အတူ အနစ်နာလည်းခံကြရပါကြောင်း၊ ဝါသနာသည် မြင်သာသည့်အရာမဟုတ်ပါကြောင်း၊ အလုပ်အကိုင်ရှားပါးနေသည့် တိုင်းပြည်တွင် ဝါသနာကို ဦးစားမပေးနိုင်ကြပါကြောင်း၊ ကျန်းမာရေးအမှုထမ်း၊ အရာထမ်းများသည် ပါရမီဓာတ်ခံရှိပြီး ပါရမီရှင်များဟု ဆိုချင်ပါကြောင်း၊ ကျန်းမာရေးဌာနတွင် လုပ်သက်ကရသည့် အတွေ့အကြုံများသည် လက်တွေ့ကျသည့်အရည်အချင်းဖြစ်ကြောင်း။

ဘွဲ့လက်မှတ်ကို အရည်အချင်းဟု မသတ်မှတ်သင့်ကြောင်း၊ သူနာပြုဆရာမများ လုပ်ငန်းခွင်စွန့်ခွာ ထွက်ပြေးကြသည့်အချက်မှာ **စာမျက်နှာ ၉ သို့ »»**

# ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းခြင်းမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မင်းဘူးခရိုင် ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအလယ်ရှိ ကန်တော်ကြီးကန်ကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအလယ်ရှိ ကန်တော်ကြီးကန်တွင် တစ်နှစ်ပတ်လုံး ရေရရှိရေးအတွက် ပြန်လည်ဆည်ယူတူးဖော်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ကန်တော်ကြီးကန်အား ပြန်လည်တူးဖော်ခြင်းအတွက် ရန်ပုံငွေလျာထားမှု မရှိသဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် မရှိပါကြောင်း။

သစ်တောဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ်မှစတင်၍ ၁၀ နှစ် စီမံကိန်းအဖြစ် ဆောင်ရွက်ရန် ရေးဆွဲနေသည့် **ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော နေရင်းဒေသ ပြန်လည်တည်ထောင်ရေးစီမံကိန်း**၌ ကန်တော်ကြီးကန်အတွင်းရှိ ရေကန်များ ပြန်လည်ဆယ်ယူ တူးဖော်ခြင်းလုပ်ငန်းအား ထည့်သွင်းထားပါကြောင်း၊ စီမံကိန်းအား အတည်ပြု၍ ရန်ပုံငွေရရှိပါက ကန်တော်ကြီးကန်အတွင်းရှိ ရေကန်ငယ်များ တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရေတွင်းတူး၍ ဆိုလာစနစ်သုံး ရေတင်စက်တပ်ဆင်ကာ သဘာဝရေကန်ငယ်များသို့ ရေဖြည့်တင်းနိုင်ရေးအတွက် ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုအား ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားတွင် ဖမ်းဆီးရရှိခဲ့သည့် တရားမဝင်သစ်များကို ဖမ်းဆီးသိမ်းဆည်းရရှိသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း သက်ဆိုင်ရာမှ လေလံတင်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားမှ ဖမ်းဆီးရရှိခဲ့သည့် တရားမဝင်သစ်များအနက် အချို့သောသစ်များအတွက် ရက်ပေါင်း (၉၀)ထက် ကျော်လွန်ပြီးမှသာ လေလံတင်ရောင်းချနိုင်မည်ဖြစ်သော်လည်း **ပုံစံ(၈)ဝင်သစ်များ ဖမ်းဆီးရမိမှုနှင့် ရောင်းချမှုအပေါ် စီမံခန့်ခွဲဆောင်ရွက်သည့် မူဝါဒပါ လုပ်ငန်းစဉ်အဆင့်များနှင့်အညီ** ပုံစံ(၈)စာရင်းရေးသွင်း၍ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခြင်း၊ မြန်မာ့သစ်လုပ်ငန်းမှ လက်ခံရယူခြင်းမရှိပါက ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ သစ်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် လေလံတင်ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် တိုက်ရိုက်ရောင်းချခြင်းတို့ကို ဖမ်းဆီးသိမ်းဆည်းရရှိသည့်အချိန်မှစ၍ ရက်ပေါင်း (၉၀)အတွင်း လေလံတင်ရောင်းချလျက်ရှိပါကြောင်း ဖြေကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း**



**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၏ **သဘာဝဘေးမဲ့ ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စားရှင်သန်နေသည့် ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံတို့နှင့် ရေခဲတောင်ဒေသမှ ကော်ဒီဆက်ပ်ခေါ် ရှိုးပတီးပိုးနွယ်ပင်တို့အား အလေ့ကျသဘာဝမှ စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ကမ္ဘာ့ဈေးကွက်ဝင် ပြည်ပပို့ကုန် ဆေးဖက်ဝင်ပစ္စည်းများ ထုတ်လုပ်သွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မေးခွန်းပါ ဆတ်၊ သမင်၊ ဝက်ဝံနှင့် ကတိုးတို့အနက် သမင်၊ ဝက်ဝံနှင့် ကတိုးတို့မှာ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းတွင်ပါရှိသည့်အတွက် စီးပွားဖြစ် မွေးမြူထုတ်လုပ်ရန် ဥပဒေအရ ခွင့်ပြုပေး၍မရပါကြောင်း၊ ဆတ်သည် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါရှိသဖြင့် စီးပွားဖြစ် မွေးမြူထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းအတွက် ဥပဒေအရ ခွင့်ပြုပေးနိုင်ပါကြောင်း။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကို ထိရောက်စွာ ထိန်းသိမ်းနိုင်ရန် ဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းကာကွယ်မှုကို မြှင့်တင်နိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်းမှ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်မည့် သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နေရင်းဒေသတွင် ကာကွယ်ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းခြင်းမှ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဆက်လက်၍ **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက အဆိုတင်သွင်းပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်က ထောက်ခံဆွေးနွေးရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ဇူလိုင် ၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**



# National Security Advisor တွေအနေနဲ့ ပြည်တွင်း၊ ဒေသတွင်းနဲ့ နိုင်ငံတကာရေးရာတွေကို မဟာဗျူဟာကျကျ လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံအပေါ်ထိခိုက်နိုင်တဲ့ ခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက်ကာကွယ်ဖို့အတွက် အကြံပြုပေးနိုင်ဖို့ ခန့်အပ်ထားကြတာဖြစ်ပါတယ်

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း

**နိုင်ငံတော်၌ကြုံတွေ့နေရသည့် ပြည်တွင်းပြည်ပ အန္တရာယ်များကို မဟာဗျူဟာကျကျ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အငြိမ်းစား သံအမတ်ကြီးဦးသောင်းထွန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တာဝန်ပေးခန့်အပ်ခဲ့သည်။**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့၊ နိုင်ငံခြားဘာသာသိပ္ပံမှ ပြင်သစ်ဘာသာဒီပလိုမာ၊ အမေရိကန်ပြည်ထောင်စုဝါရှင်တန်ဒီစီ Johns Hopkins တက္ကသိုလ်၊ School of Advanced International Studies မှ နိုင်ငံတကာပြည်သူ့ရေးရာမူဝါဒဘာသာရပ်နှင့် မဟာဘွဲ့ ရရှိခဲ့သည်။

ဦးသောင်းထွန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဖိလစ်ပိုင်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့် အီးယူဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝါရင့်သံတမန်ကြီးတစ်ဦးဖြစ်သည်။

ထို့ပြင် နှစ်စဉ်အာဆီယံအဆင့်မြင့် အရာရှိကြီးများအဆင့် ဆွေးနွေးပွဲများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေဖြင့် တာဝန်ယူခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့တွင်လည်း အတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့သည့်အပြင် အငြိမ်းစားယူပြီးနောက် စင်ကာပူတွင်ရှိသည့် အရှေ့တောင်အာရှ လေ့လာရေးဌာန ISEAS ၌ Visiting Senior Research Fellow အဖြစ် ဆောင်ရွက်ခဲ့သည်။

မေး။ လက်ရှိအစိုးရသစ်လက်ထက်မှာ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်ဆိုပြီး ရာထူးအသစ်တစ်ရပ်ခန့်အပ်လိုက်ပါတယ်။ အဲဒီလိုခန့်အပ်လိုက်တဲ့အချိန်ကစပြီး ပြည်သူလူထုတစ်ရပ်လုံးက ဒါနဲ့ပတ်သက်ပြီး တော်တော်စိတ်ဝင်စားကြပါတယ်။ ရာထူးအသစ်ခန့်အပ်ခဲ့တာနဲ့ ပတ်သက်ပြီး ပြည်သူလူထုသိအောင် ပြောပြပေးစေလိုပါတယ်။

ဖြေ။ ဒီရာထူးခန့်အပ်လိုက်တဲ့ အကြောင်းရင်းတစ်ခုကတော့ ပြောင်းလဲလာတဲ့ ကမ္ဘာ့ရေးရာ၊ နိုင်ငံတကာဆက်ဆံရေး သဘောသဘာဝတွေနဲ့အတူ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာတဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက်နဲ့ ကာကွယ်သွားနိုင်ဖို့အတွက်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံတိုင်းမှာ အမျိုးသားအကျိုးစီးပွားကိုကာကွယ်ဖို့ အမျိုးသားရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်ရပါတယ်။

ဒီရည်မှန်းချက်တွေ အောင်မြင်ဖို့မဟာဗျူဟာတွေ ရွေးချယ်ဆုံးဖြတ်ချမှတ်ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကိုယ့်နိုင်ငံအခြေအနေအပြင် ဒေသတွင်း၊ နိုင်ငံတကာ အခြေအနေတွေကို ထည့်သွင်းသုံးသပ်ရပါတယ်။ အခုခေတ်မှာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ globalization လို့ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်မှာ တစ်နိုင်ငံမှာ ဖြစ်ပွားနေတဲ့လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပြဿနာတွေဟာ အခြားနိုင်ငံတွေကိုပါ သက်ရောက်စေနိုင်ပါတယ်။

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေတဲ့အချိန်မှာ ကိုယ့်နိုင်ငံအပေါ် သက်ရောက်နိုင်တဲ့ ခြိမ်းခြောက်မှုတွေကိုကာကွယ်နိုင်ဖို့အတွက် မဟာဗျူဟာရှုထောင့်ကနေ လေ့လာသုံးသပ်ဖို့ ပိုအရေးကြီးလာပါတယ်။

ဒါ့အပြင် ကိုယ့်နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုအခြေအနေတွေကို ပြည်ပကလည်း သိရှိနားလည်အောင် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှုတွေ တိုးမြှင့်လုပ်ဆောင်ဖို့ လိုပါတယ်။ ဒါတွေကို အထောက်အကူပြုဖို့အတွက် ခန့်အပ်လိုက်တာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံဟာပထဝီဝင်အနေအထားအရ အိန္ဒိယနဲ့တရုတ်နိုင်ငံတို့အကြားမှာ တည်ရှိနေပြီး အရှေ့တောင်အာရှနဲ့ တောင်အာရှကြားမှာ ပေါင်းကူးတံတားလိုဖြစ်နေပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် တက်ကြွစွာ ဆောင်ရွက်နေသလို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မနှစ်ကအောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးကို နှစ်စဉ်ကျင်းပဖို့ သဘောတူခဲ့ကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း ကျန်နိုင်ငံတွေနည်းတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် (National Security Advisor) ခန့်အပ်ဖို့ လိုအပ်လာပါတယ်။

နိုင်ငံအတော်များများမှာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အသီးသီးရှိကြပါတယ်။ National Security Advisor တွေအနေနဲ့ ပြည်တွင်း၊ ဒေသတွင်းနဲ့ နိုင်ငံတကာရေးရာတွေကို မဟာဗျူဟာကျကျ လေ့လာသုံးသပ်ပြီးကိုယ့်နိုင်ငံအပေါ် ထိခိုက်နိုင်တဲ့ ခြိမ်းခြောက်မှုတွေကို ထိထိရောက်ရောက် ကာကွယ်ဖို့အတွက် အကြံပြုပေးနိုင်ဖို့ ခန့်အပ်ထားကြတာဖြစ်ပါတယ်။

အာရှနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ သီရိလင်္ကာ၊ ထိုင်း၊ စင်ကာပူစတဲ့ နိုင်ငံတွေမှာလည်း နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ဝါရင့်ပုဂ္ဂိုလ်တွေကို ခန့်အပ်တာဝန်ပေးထားတာကို တွေ့ရှိနိုင်ပါတယ်။

ဒီရာထူးတာဝန်ဟာ လုံခြုံရေးဆိုင်ရာလုပ်ငန်းတွေကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်တဲ့ (Implementation) အပိုင်းမဟုတ်ဘဲ ထိရောက်တဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ မူဝါဒတွေချမှတ်ရာမှာ အထောက်အကူပြု (Policy Support) ပေးခြင်းဖြစ်ပါတယ်။

မေး။ ဒီတာဝန်ကိုယူတဲ့အချိန်ကစပြီးတော့ ဘယ်လိုအခန်းကဏ္ဍတွေ၊ ဘယ်လိုနယ်ပယ်တွေမှာ အဓိကထားပြီးဆောင်ရွက်ပေးနေသလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ဒီတာဝန်ယူပြီးတဲ့အချိန်ကစပြီး အဓိကဆောင်ရွက်နေတာ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေ၊ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ပေါင်းစပ်ပြီး လေ့လာသုံးသပ်အကြံပြုပါတယ်။

ဒုတိယတစ်ပိုင်းကတော့ ကိုယ့်နိုင်ငံအခြေအနေကို နိုင်ငံတကာက ပိုမိုနားလည်လက်ခံလာအောင် ဆောင်ရွက်



အာဆီယံ+အမေရိကန် အစည်းအဝေး တက်ရောက်ခဲ့စဉ်။

ဒီတာဝန်ယူပြီးတဲ့အချိန်ကစပြီး ရန်ကုန်မြို့မှာရုံးစိုက်တဲ့ ပြည်ပသံရုံးတွေက သံတမန်အကြီးအကဲတွေ၊ ကုလသမဂ္ဂနဲ့နိုင်ငံတကာအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေကို ဖိတ်ကြားတွေ့ဆုံပြီး နိုင်ငံတော်အစိုးရရဲ့ လက်ရှိဆောင်ရွက်နေတဲ့ကိစ္စရပ်တွေ အထူးသဖြင့် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ နိုင်ငံတကာကသံတမန်တွေအပြင် ပြည်ပရင်းနှီးမြှုပ်နှံသူပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒါ့အပြင်ဒေသတွင်းနဲ့ နိုင်ငံတကာအစည်းအဝေးတွေမှာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးအမြင်ချင်း



ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့စဉ်။

ပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး နိုင်ငံတကာက စိတ်ဝင်စားနေတဲ့ ကိစ္စအချို့ရှိပါတယ်။ ဒီလိုကိစ္စတွေအပေါ်မှာ အခြေအနေမှန်ကိုမသိဘဲ အထင်အမြင်လွဲမှားရင်နိုင်ငံတကာရဲ့ အာရုံစူးစိုက်မှုတွေ၊ မလိုလားအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာနိုင်ပြီး ကိုယ့်ပြည်တွင်းရေးကိစ္စတွေအပေါ်မှာ ဝင်ရောက်စွက်ဖက်လာနိုင်ပါတယ်။

ဒီလိုဖြစ်ရပ်မျိုးတွေကို ကာကွယ်ဟန့်တားနိုင်ဖို့ ကိုယ့်နိုင်ငံရဲ့ ပထဝီဝင်အနေအထား၊ သမိုင်းကြောင်း၊ တန်ဖိုးထားမှုတွေ၊ ဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ ထိလွယ်ရှလွယ်အနေအထား၊ လက်ရှိဖြစ်ပေါ် တိုးတက်မှုတွေကို နိုင်ငံတကာအသိုင်းအဝိုင်းက သိရှိနားလည်အောင် ဆောင်ရွက်နေပါတယ်။ ရှိရင်းစွဲမိတ်ဆွေနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေသလို မိတ်ဆွေသစ်တွေ တိုးပွားအောင်၊ ရင်းနှီးမှုတွေရအောင်လည်း ဆောင်ရွက်ရပါတယ်။

ဖလှယ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတကာနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ဂျာမနီမှာကျင်းပခဲ့တဲ့ မြူးနစ်လုံခြုံရေးညီလာခံ၊ အိန္ဒိယမှာကျင်းပခဲ့တဲ့ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးအကြီးအကဲများအစည်းအဝေး၊ ရုရှားမှာကျင်းပခဲ့တဲ့ လုံခြုံရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတွေ မကြာခင်ကပဲ စင်ကာပူမှာကျင်းပခဲ့တဲ့ အာရှလုံခြုံရေး ထိပ်သီးအစည်းအဝေး (Shangri-La Dialogue)နဲ့ ဂျပန်မှာ ကျင်းပခဲ့တဲ့ အာရှရဲ့ အနာဂတ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတို့မှာ အမျိုးသားလုံခြုံရေးကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ ဆွေးနွေးခဲ့သလို ကိုယ့်နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ပြည်ပနိုင်ငံတွေက နားလည်သဘောပေါက်အောင် ဆွေးနွေးခဲ့ပါတယ်။

မီဒီယာအင်တာဗျူးတွေကတစ်ဆင့်လည်း အသိပေးရှင်းပြခဲ့ပါတယ်။

မေး။ လုံခြုံရေးလို့ပြောလိုက်တာနဲ့ ကာကွယ်ရေးကို တွဲမြင်တတ်ကြပါတယ်။ လုံခြုံရေးအတွက် တာဝန်ရှိတာက ကာကွယ်ရေးမှာပဲလို့ အများပြည်သူက ရှုမြင်သုံးသပ်ကြတာများပါတယ်။ အဲဒီအတွက် အမျိုးသားလုံခြုံရေးဆိုတာဘာပါလဲ၊ အမျိုးသားလုံခြုံရေးနဲ့ ပတ်သက်ပြီး ရှုမြင်သုံးသပ်ချက်ကို သိချင်ပါတယ်။

ဖြေ။ အမျိုးသားလုံခြုံရေးဆိုတာကတော့ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ အမျိုးသားအကျိုးစီးပွားတွေကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပတ်သက်နေတဲ့ ကိစ္စတွေအားလုံးဟာ အမျိုးသားလုံခြုံရေးကိစ္စတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို ခြိမ်းခြောက်ထိခိုက်လာတဲ့ ကိစ္စတွေအားလုံးဟာ အမျိုးသားလုံခြုံရေးပြဿနာလို့ ဆိုနိုင်ပါတယ်။

အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုပြဿနာလို့ဆိုရာမှာ သမားရိုးကျလုံခြုံရေးပြဿနာတွေဖြစ်တဲ့ စစ်ရေး၊ စီးပွားရေးစတာတွေအပြင် သမားရိုးကျမဟုတ်တဲ့ လူကုန်ကူးမှုပြဿနာ၊ နယ်မြေချင်းထိစပ်တဲ့နိုင်ငံတွေက တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်မှုတွေ၊ အစွန်းရောက်အကြမ်းဖက်မှုပြဿနာ၊ လူသားလုံခြုံမှု၊ စွမ်းအင်လုံခြုံမှု၊ သဘာဝဘေးအန္တရာယ်နဲ့ ရာသီဥတုဖောက်ပြန်မှုပြဿနာ၊ ကူးစက်မြန်ရောဂါဆိုးများ ပျံ့နှံ့လာမှုပြဿနာ၊ အခုဆိုရင် Cyber Crime စတာတွေအထိ ကျယ်ပြန့်စွာပါဝင်ပါတယ်။

အခုခေတ်မှာ နည်းပညာတွေတိုးတက်လာတာနဲ့အမျှ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတွေက ပိုပြီးဆန်းပြားရှုပ်ထွေးလာပါတယ်။ ဥပမာ လူမှုကွန်ရက်တွေကတစ်ဆင့် အမျိုးသားလုံခြုံရေးကို ထိခိုက်တဲ့အထိ ဖြစ်သွားစေတဲ့ ခြိမ်းခြောက်မှုတွေလည်း ပေါ်ပေါက်နေပါတယ်။ တစ်နိုင်ငံမှာဖြစ်ပွားတဲ့ပြဿနာက တခြားနိုင်ငံတွေကိုလည်း ရိုက်ခတ်တဲ့အတွက် ဒါတွေကို ရင်ဆိုင်ဖို့ တစ်နိုင်ငံတည်းက ဆောင်ရွက်နေလို့မရပါဘူး။ နှစ်နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်မှာ ထိတွေ့ပူးပေါင်းဆောင်ရွက်ဖို့၊ သတင်းအချက်အလက်တွေ ဖလှယ်ဖို့၊ သတင်းလက်ဦးမှုရရှိဖို့ အရေးကြီးလာပါတယ်။

မျက်မှောက်ခေတ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ရေးအရကျူးကျော်တိုက်ခိုက်တာမျိုး၊ မြင်သာထင်သာတဲ့ စွက်ဖက်မှုမျိုးတွေထက် မသိသာမမြင်သာတဲ့ စွက်ဖက်မှုတွေ၊ ဩဇာလွှမ်းမိုးမှု၊ အကျပ်ကိုင်မှုတွေ အသွင်မျိုးစုံနဲ့ တွေ့မြင်ရပါတယ်။

နိုင်ငံရေးသွတ်သွင်းလိုမှုတွေ၊ နိုင်ငံတကာစံနှုန်းတွေကို နိုင်ငံရေးလက်နက်လို အလွဲသုံးစားအသုံးပြုမှုတွေ၊ ကိုယ့်နိုင်ငံရေးရည်မှန်းချက်အတွက် အားနည်းတဲ့နိုင်ငံတွေကို အသုံးချလာတာမျိုးပါ တွေ့မြင်ရပါတယ်။

စာမျက်နှာ ၇ သို့ ✱

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။)**

**၁၃၇၉ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော **"အသက် ၇၀ နှစ်ထက်မကြီးသူ"** ဆိုသည့်စကားရပ်ကို **"အသက် ၇၅ နှစ်ထက်မကြီးသူ"**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

# နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၂၈ ရက်တွင် ဝယ်လင်တန်မြို့၌ နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒိမ် ပက်စီ ရက်ဒီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းရှိန်<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင်ကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဂ) | ဦးညွန့်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်တင်တင်လေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းထွန်းကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



**အိန္ဒိယနိုင်ငံသို့ ရောက်ခဲ့စဉ်။**



**စင်ကာပူနိုင်ငံသို့ ရောက်ခဲ့စဉ်။**

**✱ စာမျက်နှာ ၆ မှ**

တစ်နိုင်ငံက တစ်နိုင်ငံကို ဖိအားပေးချင်တဲ့အခါ၊ နိုင်ငံရေးအရလိုလားချက်ကို အကောင်အထည်ဖော်လိုတဲ့အခါမျိုးတွေမှာ အမှန်တရားကို မသိကျိုးကျွန်ပြုပြီး လိုချင်တဲ့အဖြေထွက်ဖို့ ပြဿနာကို ပုံဖော်ဖန်တီးတာမျိုး၊ နိုင်ငံတကာစံနှုန်းတွေ ခုတုံးလုပ်တာမျိုးတွေရှိပါတယ်။

လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုတဲ့မူတွေဟာ ရည်ရွယ်ချက်အရ ကောင်းမွန်ပေမယ့် လိုရာဆွဲအသုံးပြုမယ်ဆိုရင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်တွေကို ကျော်လွန်ပြီး ပြည်တွင်းရေးရာတွေမှာ ဝင်စွက်ဖက်လာနိုင်တယ်ဆိုတာ သတိပြုရမှာဖြစ်ပါတယ်။

**မေး။ ယနေ့ခေတ်ကာလမှာ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်တဲ့အခါမှာ ပြောနေကြတဲ့စကားဟာ နိုင်ငံတကာစံနှုန်းလို့ ပြောနေကြတယ်။ Human Security၊ Responsibility to Protect-R2P လို့ပြောကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှုမြင်သုံးသပ်ချက်ကိုသိချင်ပါတယ်။**

ဖြေ။ လူသားလုံခြုံမှု (Human Security) ဆိုတဲ့အသုံးအနှုန်းကတော့ စစ်အေးကာလ နောက်ပိုင်းမှာစပြီး အသုံးများလာခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ နိုင်ငံရေး တည်ငြိမ်မှုအပေါ် အဓိကရည်ရွယ်ဆိုလိုထားတာကြောင့် ဒီအသုံးအနှုန်းဟာ ဖွံ့ဖြိုးပြီးအနောက်နိုင်ငံတွေထက် ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ပိုသက်ဆိုင်ရည်ညွှန်းထားတာတွေ့ရပါတယ်။

ဒီ Human Security အသုံးအနှုန်းကို ၁၉၉၂ ခုနှစ်ကစပြီး ကုလသမဂ္ဂမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲခဲ့ပါတယ်။ နိုင်ငံရေးအရကြောက်ရွံ့မှုကင်းခြင်း၊ ငတ်မွတ်မှုမရှိခြင်း၊ ရောဂါကင်းခြင်း၊ အလုပ်အကိုင်ရရှိခြင်းစတဲ့အနှစ်သာရတွေကိုပါ ထည့်သွင်းထားပါတယ်။

ဒါပေမယ့် အဲဒီအချိန်ကတည်းက ဖွံ့ဖြိုးဆဲနိုင်ငံအများစုကတော့ ဒါကိုသုံးပြီး ပြည်တွင်းရေးမှာ ဝင်စွက်ဖက်လာမယ့်အရေးကို စိုးရိမ်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ Human Securityကို နိုင်ငံဖွံ့ဖြိုးရေးရှုထောင့်ကနေ ချဉ်းကပ်ရင်ကောင်းမွန်ပေမယ့် လူ့အခွင့်အရေးကို အကြောင်းပြပြီး မလိုလားအပ်တဲ့ နိုင်ငံရေးသွတ်သွင်းမှုတွေရှိလာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေကြောင့်ပဲဖြစ်ပါတယ်။

Human Security အသုံးအနှုန်း ခေတ်စားလာပြီးနောက်မှာ Responsibility to Protect -R2P လို့ခေါ်တဲ့ ဝင်ရောက်ကာကွယ်ရန် တာဝန်ရှိမှုဆိုတဲ့အသုံးအနှုန်း ခေတ်စားလာတာကြောင့် နိုင်ငံငယ်တွေ စိုးရိမ်မှုပိုများခဲ့ပါတယ်။

R2P ဆိုတဲ့အယူအဆကို ၂၀၀၅ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ကမ္ဘာ့ထိပ်သီးအစည်းအဝေး World Summit မှာ ပထမဆုံးအကြိမ် တရားဝင်အတည်ပြုခဲ့တာဖြစ်ပါတယ်။

ဒီအယူအဆအရ အစိုးရဟာ ပြည်သူတွေကိုကာကွယ်ပေးဖို့ အဓိကတာဝန်ရှိပြီး ကာကွယ်ပေးဖို့ ပျက်ကွက်တယ်လို့ သတ်မှတ်ရင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝင်ရောက်ကူညီဖို့ကာကွယ်ဖို့ တာဝန်ရှိပါတယ်။

အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားပေမယ့် နိုင်ငံတစ်နိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေရှိနေရင်၊ genocide ဆိုတဲ့ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု၊ Ethnic Cleansing လူမျိုးတုံးသတ်ဖြတ်မှု၊ War Crimes ဆိုတဲ့စစ်အတွင်း စောင့်ထိန်းရမယ့်ကျင့်ဝတ်ကျော်ပြီး ကျူးလွန်တဲ့ပြစ်မှုမျိုး၊ Crimes Against Humanity ဆိုတဲ့ လူသားမဆန်စွာ ရက်စက်ကြမ်းကြုတ်တဲ့ ပြစ်မှုဆိုတဲ့အခြေအနေမျိုးရှိတယ်လို့ သတ်မှတ်လိုက်ရင် နိုင်ငံတကာက သံတမန်နည်းလမ်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနဲ့ အခြားငြိမ်းချမ်းတဲ့နည်းလမ်းများသာမက နောက်ဆုံးစစ်ရေးကိုပါ သုံးနိုင်တဲ့အထိ စွက်ဖက်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆပဲဖြစ်ပါတယ်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံရဲ့ပြည်တွင်းရေးကို စစ်ရေးအရပါ စွက်ဖက်နိုင်တဲ့ R2P အယူအဆကို တချို့နိုင်ငံတွေက နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ဖို့ ကြိုးစားခဲ့တာဟာ စေတနာကောင်းနဲ့ဆောင်ရွက်တာမျိုး ရှိနိုင်ပေမယ့် နိုင်ငံရေးအရ တလွဲအသုံးပြုထိုးနှက်တာမျိုးတွေ တွေ့ရပါတယ်။

မြန်မာနိုင်ငံကိုလည်း စွပ်စွဲပြောဆိုတာမျိုးတွေ ရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာစံနှုန်းတွေကို တလွဲသုံးပြီး လွှမ်းမိုးခြယ်လှယ်လိုမှုတွေကို သတိပြုရှောင်ရှားဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ အများစုက လက်ခံထားပြီး မိမိကိုယ်တိုင်လည်း လက်ခံနိုင်တဲ့ နိုင်ငံတကာစံနှုန်းတွေကို အလေးထားဂရုပြုဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

ဒါကြောင့်အမျိုးသားလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ သံတမန်နည်းနာက အင်မတန်အရေးကြီးပါတယ်။ သံတမန်နည်းနာဆိုတာ အခြေခံအားဖြင့် နိုင်ငံအချင်းချင်း သံရေး၊ တမန်ရေးကတစ်ဆင့် ငြိမ်းချမ်းရေးကို ရှေးရှုပြီးစေ့စပ်ညှိနှိုင်းခြင်းနဲ့ ကိစ္စရပ်အသီးသီး၊ ပြဿနာအသီးသီး ပြေလည်အောင် ဆောင်ရွက်တဲ့ နည်းဗျူဟာတစ်ခုဖြစ်ပါတယ်။

ဒီနည်းဗျူဟာနဲ့ နိုင်ငံတကာမျက်နှာစာမှာ လုံခြုံရေးပြဿနာတွေကိုလျှော့နည်းအောင် ပြေလည်အောင်ဖြေရှင်းနိုင်မယ်၊ နိုင်ငံအချင်းချင်းချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေး၊ ကုန်သွယ်ရေး စတာတွေကို တိုးတက်အောင် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကိုကာကွယ်ရာမှာ သံတမန်နည်းနာ ကျွမ်းကျင်မှုနဲ့ ဦးစွာခုခံကာကွယ်နိုင်တဲ့အတွက် သံတမန်နည်းနာကို ကာကွယ်ရေးရဲ့ ပထမခံစစ်မျက်နှာစာ(Diplomacy is the first line of defense)လို့ သတ်မှတ်ထားပါတယ်။ နိုင်ငံတွေအနေနဲ့ ပေါ်ပေါက်လာတဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ စိုးရိမ်ပူပန်မှုတွေကို သံတမန်နည်းလမ်းနဲ့ တုံ့ပြန်ကာကွယ်ဖို့အလွန်ပဲအရေးကြီးပါတယ်။

ဒါ့ကြောင့် သံတမန်တစ်ဦးအဖြစ် ထမ်းဆောင်ခဲ့တဲ့ ပြည်တွင်း၊ ပြည်ပအတွေ့အကြုံ၊ လေ့လာဆည်းပူးခဲ့တဲ့ ပညာရပ်တွေအပေါ်အခြေခံပြီး ကိုယ့်နိုင်ငံအပေါ် သက်ရောက်နိုင်တဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေကို ဘက်စုံထောင့်စုံကနေ လေ့လာသုံးသပ်ပြီး အကြံပြုသွားခြင်းဖြင့် နိုင်ငံတော်အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဟုတ်ကဲ့ပါရှင့်။ ဝန်ကြီးအခုလို ဆွေးနွေးသွားတဲ့အတွက် အမျိုးသားလုံခြုံရေးဆိုတာ သိပ်ကိုကျယ်ပြန့်နက်ရှိုင်း သိမ်မွေ့တယ်ဆိုတာ သိလိုက်ရပါတယ်ရှင့်။ ဒါကြောင့်မို့လည်း အစိုးရသစ်အနေနဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ဆိုတဲ့ ရာထူးသစ်ကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီးတော့ အမြော်အမြင်ကြီးကြီးနဲ့ ခန့်အပ်ခဲ့တယ်ဆိုတာ သိလိုက်ရပါတယ်ရှင့်။

အခုလို ရှင်းပြဆွေးနွေးပေးတာ ဝန်ကြီးကိုကျေးဇူးအများကြီး တင်ပါတယ်ရှင့်။ ။

**(သတင်းအဖွဲ့)**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မက္ကဆီကိုသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် စင်ကာပူအခြေစိုက် မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး မစ္စတာ နသန် ဝုဖ် လက်စ်ဘေဒါ နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် တောင်အာဖရိကနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်အား**(အပေါ်ပုံ)** ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုနိုင်ငံသံအမတ်ကြီး မစ္စတာ နသန် ဝုဖ် လက်စ်ဘေဒါအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ဥပဒေပြုရေး လုပ်ငန်းစဉ်များနှင့် နှစ်နိုင်ငံအစိုးရတို့အကြား ချုပ်ဆိုမည့် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာ ပါလီမန်အဖွဲ့တွင် တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်ရေးကိစ္စရပ်များ၊ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပဒေဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Asian Development Bank မှအဖွဲ့ဝင် ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ ဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သူများအတွက် ပြည်ထောင်စုဝန်ကြီးဌာနများက ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၃၀**

တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျခဲ့ရာတွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ပေးအပ်လှူဒါန်းကြသည်။



ထိုသို့ ပေးအပ်လှူဒါန်းရာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း**(ဝဲပုံ)**က ငွေကျပ် ၃၆၆၆၀၀၀ ကို နံနက် ၉ နာရီတွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ငွေကျပ် ၂၅ သိန်းကို နံနက် ၁၁ နာရီတွင်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံရယူသည်။ **(သတင်းစဉ်)**

# ကောလာဟလများကို မယုံကြည်ကြရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တိုက်တွန်း



**နေပြည်တော် ဇွန် ၃၀**

ရခိုင်ပြည်နယ် မောင်တောနှင့် ဘူးသီးတောင်မြို့များတွင် နေထိုင်ကြသော ရခိုင်ပြည်သူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်နိုင်သည့် ကောလာဟလများကို မယုံကြည်ကြရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တိုက်တွန်းပြောကြားလိုက်သည်။

“မကြာသေးမီက မောင်တောမြောက်ပိုင်း တရိန်းကျေးရွာဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဒေသခံ တိုင်းရင်းသားတွေအနေနဲ့ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ လုပ်ကိုင်စားသောက်နေရတယ်လို့ သိရပါတယ်။ ဒီအတွက် မစိုးရိမ်ကြပါနဲ့။ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ တပ်မတော်တို့ပူးပေါင်းပြီး နယ်မြေလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသတည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာနိုင်တဲ့ ကောလာဟလတွေကိုလည်း မယုံကြည်ကြဖို့တိုက်တွန်းလိုပါတယ်”ဟု ဝန်ကြီးချုပ် ဦးညီပုက ဇွန် ၂၉ ရက်က ဘူးသီးတောင်မြို့ သီရိမင်္ဂလာရွာမ ဘုန်းတော်ကြီးကျောင်း၌ ရွာမကျေးရွာ ပြည်သူများအား အားပေးစကားပြောကြားစဉ် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အလားတူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ရဲမှူးချုပ် သူရစန်းလွင်တို့ကလည်း အားပေးစကားများ ပြောကြားခဲ့သည်။

ယင်းနောက် ဘူးသီးတောင်မြို့နယ် ရွာမကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့၌ အိုးအိမ်ဦးစီးဌာနက တည်ဆောက်ပေးလျက်ရှိသည့် ဝန်ထမ်းအိမ်ရာကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**သတင်း -မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ - သတ္တ**

»» စာမျက်နှာ ၅ မှ

စဉ်းစားစရာကောင်းသည့်အချက်ဖြစ်ပါကြောင်း၊ မိမိတိုင်းပြည်တွင် အလုပ်လုပ်နေရာမှ ဝင်ငွေကောင်းသည့် အခြားတိုင်းပြည်ကို ရွှေ့ပြောင်းလုပ်ကိုင်နေရပါကြောင်း၊ သူနာပြုများသည် ကျန်းမာရေးဝန်ကြီးဌာန အမှုထမ်းများထဲက အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများအားလုံးနှင့် နှိုင်းယှဉ်လျှင် အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ပါကြောင်း၊ သို့သော် သူနာပြုလောကကို ဖြည့်ဆည်းပေးခြင်းအားဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍပုံရိပ်ကို မြှင့်တင်ပေးရာရောက်ကြောင်း ဆွေးနွေးသည်။

အလားတူ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်ညို၊ ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်းနှင့် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းရာတွင် သူနာပြုသိပ္ပံဘွဲ့ဝင်ခွင့်ကို အခြေခံပညာအထက်တန်းအောင်မြင်သည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်များအတိုင်း ရွေးချယ်ရေးအဖွဲ့နှင့် ရွေးချယ်ခြင်းဖြစ်ပြီး သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီး အမှတ်မြင့်၍ သူနာပြုစုမှုကို ဝါသနာပါသူများ တက်နိုင်ရန်ရည်ရွယ်ပါကြောင်း၊ သူနာပြုသားဖွားဒီပလိုမာသည် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက်ခွင့်ပြုပြီး ၎င်းဒေသများတွင် တာဝန်ချထားရန်ရည်ရွယ်၍ ဖွင့်လှစ်ထားပါကြောင်း၊ စာမေးပွဲအောင်ရမှတ် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာသုံးဘာသာ ရမှတ်ပေါင်းပေါ်မူတည်ပြီး ရွေးချယ်သည်သာဖြစ်ပါကြောင်း။

ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲနှစ်မျိုးစလုံးတက်နိုင်ရန်လည်းဖြစ်ပါကြောင်း၊ အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်း တက်ခွင့်ပြုထားပါကြောင်း၊ သို့သော်လည်း ရည်ရွယ်ချက်ခြင်းမတူသည့်အတွက် ဝင်ခွင့်ကို ယခုအတိုင်းဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဒီပလိုမာရရှိပြီး လုပ်သက်သုံးနှစ်နှင့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိပြီး လုပ်သက်နှစ်နှစ်ရှိလျှင် Staff Nurse ဖြေခွင့်ရှိပါကြောင်း၊ Staff Nurse လုပ်သက်ခုနစ်နှစ်ပြည့်လျှင် Sister ရာထူးတိုးဖြေဆိုခွင့်ရှိပြီး Sister လုပ်သက်ရှစ်နှစ်ပြည့်လျှင် Matron (သူနာပြုအုပ်) ရာထူးပြန်တမ်းဝင်အရာရှိအဆင့်ကို ဖြေဆိုခွင့်ရှိပါကြောင်း။

ရာထူးတိုးမြှင့်ရေးနှင့်ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ လုပ်သက်သတ်မှတ်ချက်၊ ဖွဲ့စည်းပုံခွင့်ပြုချက်၊ ခန့်ထားရေး၊ လစ်လပ်မှုအခြေအနေ၊ ပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ရာထူးတိုးမြှင့်ရေးကိစ္စရပ်များဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ လက်တွေ့ကျွမ်းကျင်မှုရှိမှသာ ကျောင်းသား ကျောင်းသူများ အရည်အသွေး တိုးတက်မည်ဖြစ်သောကြောင့် စဉ်ဆက်မပြတ် လက်တွေ့လေ့လာ သင်ကြားမှုများ ဆောင်ရွက်ပေးနေပါကြောင်း။

သူနာပြု (B.N.Sc) ကျောင်းဆင်းများအား ဘွဲ့ရများနည်းတူ လုပ်ငန်းခွင်ဝင်ပေါက်လစာနှုန်းထား (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)သို့ တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးရုံများရှိ သူနာပြုများရာထူးတိုးရေးနှင့်ပတ်သက်၍ လက်ရှိရာထူးအခေါ်အဝေါ်နှင့် လစာနှုန်းထားများကိုလည်း ပြောင်းလဲတိုးမြှင့်ပေးရန် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိပြီး ရာထူးတိုးမြှင့်ခြင်းအတွက် လုပ်သက်သတ်မှတ်ချက်များကိုလည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သူနာပြုအင်အားအတွက် နှစ်စဉ်စီမံချက်ဖြင့် တိုးမြှင့်မွေးထုတ်ပေးလျက်ရှိသည့်အပြင် လုပ်ငန်းခွင်ဝင်ရောက်ရေး၊ သူနာပြုများ လုပ်ငန်းခွင် စွဲမြဲရေး၊ ကောင်းမွန်သောလုပ်ငန်းခွင်ဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် သူနာပြု ရာထူးအခေါ်အဝေါ်နှင့် လစာနှုန်းတိုးမြှင့် ပြင်ဆင်သတ်မှတ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းရေးနှင့်ပတ်သက်၍ ဆေးရုံဖွဲ့စည်းပုံတွင်ပါရှိသော်လည်း သန့်ရှင်းရေးဝန်ထမ်းရရှိရန် ခဲယဉ်းသဖြင့် ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်ရန်လည်း စဉ်းစားထားပါကြောင်း။

လက်ရှိ သူနာပြုအကူအခေါ်အဝေါ်ကို အမှန်အခေါ်အဝေါ်ဖြစ်သည့် အကူသူနာပြုဟုခေါ်ဝေါ်ရန်နှင့် ၎င်းတို့၏ဝတ်စုံကို မူလအင်္ကျီအဖြူ၊ လုံချည်နီညိုရောင်မှ မီးခိုးရောင်အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်သွားရန် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းတို့နှင့်လည်း သဘောတူညီမှုရရှိပြီးဖြစ်ပါကြောင်း၊ Promotion ဖြေဆိုခွင့်တွင် လုပ်သက်ကို မကြာခဏပြောင်းလဲခြင်း၊ ဖောင်ကြီးမတက်လျှင် ဖြေဆိုခွင့်မရရှိဆိုသည့် ကန့်သတ်ချက်စသည်တို့နှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံခွင့်ပြု၊ ခန့်ထား၊ လစ်လပ်အရသာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထက်လူကြီး၏ထောက်ခံချက်ကိုယူပြီး အဂတိလိုက်စားမှုလုပ်ရပ်များသည် လူတစ်ဦးချင်းစီနှင့်သာ သက်ဆိုင်ပါကြောင်း၊ အထောက်အထားဖြင့် အဂတိလိုက်စားမှုများတွေ့ရှိပါက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ **မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# တရားဝင် နယ်စပ်ဝင်ပေါက်များမှ သွားရောက်လုပ်ကိုင်ခွင့်ရှိသည့် နယ်မြေများကို နှစ်ဖက်စလုံးတွင် တိုးချဲ့သတ်မှတ်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO မှ Deputy Director General Mr. Greg Vines နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ILO တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဓမ္မခိုင်းစေမှုတိုက်ဖျက်ရေး လုပ်ငန်းစီမံချက် အမြန်ဆုံးအတည်ပြုနိုင်ရေးနှင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတွင်းကောင်းမွန်သင့်တော်သည့် အလုပ်အကိုင် အစီအစဉ် Decent Work Country Program ကို ရှေ့ဆက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဂျတ်စ်ဘွန်လုံနှင့် အဖွဲ့အားတွေ့ဆုံပြီး လက်ရှိထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ပို့ခံနေကြရသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား လုံလောက်သော ပြင်ဆင်ချိန်ပေးရန်၊ လုံခြုံမှုအတွက် ကာကွယ်ပေးရန် အပါအဝင် ရှေ့ဆက်၍ နှစ်နိုင်ငံအကြား လိုအပ်သော ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအား စနစ်တကျမှတ်ပုံတင်၍ တရားဝင်ရွှေ့ပြောင်းအလုပ်သမားများဖြစ်စေရေး၊ ထိုင်းနိုင်ငံမှ သတ်မှတ်ထားသော လုပ်ခလစာ အပြည့်အဝရရှိစေရေးနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထား(CI) ထုတ်ပေးသည့်လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ထို့အပြင် နယ်စပ်များရှိ တရားဝင်ဝင်ပေါက်များမှ သွားရောက်ခွင့်ရှိသည့် နယ်မြေများကို နှစ်ဖက်စလုံးတွင် တိုးချဲ့သတ်မှတ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ ပညာရေးအကြောင်းအရာအသေးစိတ်သုတေသနစာတမ်း ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံပြုစုထားသည့် ပညာရေးအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းကို ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းသုတေသနစာတမ်းသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ရရှိသည့်ပညာရေးဆိုင်ရာ အချက်အလက်သုံးခုဖြစ်သည့် စာတတ်မြောက်မှု၊ ကျောင်းတက်ရောက်မှုအခြေအနေနှင့် အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်းတို့ကိုဆန်းစစ်လေ့လာ၊ စာတမ်းပြုစုထားခြင်းဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်အထိ ကျောင်းနေအရွယ်လူဦးရေ ခန့်မှန်းချက်များကိုလည်း ဖော်ပြထားသည်။

စာတမ်းပါ အချက်အလက်များအရ မြန်မာနိုင်ငံတွင် အသက်(၁၅)နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်းမှာ ၈၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၆ ရာခိုင်နှုန်းခန့်ဖြစ်၍ အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းမှာ ၈၆ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။ မြို့ပြတွင်နေထိုင်သူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၅ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်တွင်နေထိုင်သူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၈၇ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် စာမတတ်သူဦးရေမှာ ၁၉၈၃ ခုနှစ်တွင် ၄ ဒသမ ၅ သန်းခန့်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၆ သန်းအထိ လျော့နည်းလာကြောင်း သိရသည်။

ကျောင်းတက်ရောက်မှုနှင့် ပတ်သက်၍ အသက်(၅)နှစ်မှ (၂၅)နှစ်အတွင်းရှိ လူဦးရေ၏ ကျောင်းတက်ရောက်မှု ရာခိုင်နှုန်းမှာ ၃၈ ဒသမ ၈ ရာခိုင်နှုန်းခန့်သာရှိပြီး မြို့ပြနှင့်ကျေးလက်တို့တွင် ကျောင်းတက်ရောက်မှုရာခိုင်နှုန်းမှာ အနည်းငယ်သာ ကွာခြားသည်ကို တွေ့ရှိရသည်။ အသက်(၇)နှစ်မှ (၁၅)နှစ်အတွင်းရှိ ကလေးငယ်ငါးသိန်းခန့်သည် လုံးဝကျောင်းမနေဖူးသူများဖြစ်ကြပြီး အများစုမှာ ကျေးလက်နေကလေးငယ်များ ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်များအရ အသက်(၂၅)နှစ်အထက် လူဦးရေစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်မှာ မူလတန်းပညာရေးအဆင့် (သို့မဟုတ်) အတန်းမရှိသူများသာဖြစ်ကြောင်း တွေ့ရှိရပြီး အသက်(၂၅)နှစ်နှင့်အထက် လူဦးရေ၏ ၇ ဒသမ ၃ ရာခိုင်နှုန်းခန့်သာ တက္ကသိုလ်မှ ဘွဲ့ရရှိသူများဖြစ်ကြောင်း သိရသည်။

၁၉၇၃ ခုနှစ်တွင် ကျောင်းနေအရွယ်လူဦးရေမှာ ရှစ်သန်းခန့်နှင့် ၁၉၈၃ ခုနှစ်တွင် ၉ ဒသမ ၅ သန်းခန့်ရှိပြီး ၂၀၁၄ ခုနှစ်တွင် ကျောင်းနေအရွယ်လူဦးရေမှာ ၁၁ သန်းနီးပါးရှိသည်။ သို့သော်လည်း ၂၀၅၀ ပြည့်နှစ်တွင် ကျောင်းနေအရွယ်လူဦးရေ ၁၀ ဒသမ ၇ သန်းခန့်ထိ လျော့ကျသွားမည်ဟု ခန့်မှန်းထားသည်။

အဆိုပါစာတမ်းတွင် မြန်မာနိုင်ငံပညာရေးစနစ် တိုးတက်ကောင်းမွန်လာစေရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည့်အပြင် အစိုးရ၏ အနာဂတ်မူဝါဒများကို ချမှတ်နိုင်ရာတွင် အထောက်အကူပြုနိုင်ရန် ပညာရေးဆိုင်ရာစာရင်းအင်း အချက်အလက် ကောက်ယူခြင်းနှင့်ပတ်သက်၍ သီးခြားအကြံပြုချက်အချို့ကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပင်မအစီရင်ခံစာ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစီရင်ခံစာများ၊ အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ၊ ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာနှင့် အသေးစိတ်သုတေသနစာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ သားဖွားမိခင်သေဆုံးခြင်း၊ လူဦးရေပြောင်းလဲခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း၊ လူဦးရေခန့်မှန်းခြင်း၊ လုပ်သားအင်အား အကြောင်းအရာနှင့် ယခုထုတ်ပြန်လိုက်သည့် ပညာရေးအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းများကို ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာ ရယူနိုင်ကြောင်းနှင့် အစီရင်ခံစာကို http://www.dop.gov.mm / moip/ index.php… လင့်တွင် download ရယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လန်းနောက်ကျေးရွာတွင် ကူးစက်ရောဂါဖြစ်ပွားသူ ၁၇၀ အား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**ထန်ပါခွေ ဇွန် ၃၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့နယ် လန်းနောက်ကျေးရွာအုပ်စု လန်းနောက်ကျေးရွာ၌ ဇွန် ၂၀ ရက်မှစ၍ တုပ်ကွေး၊ ချောင်းဆိုး၊ ရင်ကျပ်၊ နှာခေါင်းသွေးယိုစသော ရောဂါနှင့်အခြားရောဂါများကြောင့် ကလေးငယ်များနှင့် လူကြီးအချို့ သေဆုံးလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် အခင်းဖြစ်ရာကျေးရွာသို့ ထန်ပါခွေတိုက်နယ်ကျန်းမာရေးမှူး ဒေါက်တာညီညီအေးသိန်းက ကွင်းဆင်းကုသခဲ့သည်။

သို့သော်လည်း လူနာများပြားခြင်း၊ နှာခေါင်းသွေးယိုလက္ခဏာများဖြစ်ပွားခြင်း၊ သွေးအန်၍ သေဆုံးခြင်းများဖြစ်ပေါ်နေကြောင်း သိရသဖြင့် နာဂဒေသဦးစီးအဖွဲ့က ဦးဆောင်၍ ဒေါက်တာညီညီအေးသိန်းနှင့်အဖွဲ့က ဇွန် ၂၉ ရက်တွင် အခင်းဖြစ်ရာကျေးရွာသို့ ထပ်မံသွားရောက်ကုသခဲ့သည်။

အဆိုပါ ကျေးရွာအုပ်စုတွင် လူနာပေါင်း ၅၄၇ ဦးကို ကွင်းဆင်းကုသခဲ့ပြီး လူနာ ၁၇၀ ကို ဆေးကုသဆဲ၊ နှစ်ဦးကို ထန်ပါခွေမြို့ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း ထန်ပါခွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ပြောပြချက်အရ သိရသည်။

**ခေါင်ရည်ချို(ခရိုင်ပြန်/ဆက်)**

■



# ဘဝကိုအရှုံးမပေး ခိုင်မာတဲ့စိတ်ဓာတ်နဲ့ ရင်ဆိုင်ကျော်ဖြတ်နေတဲ့ မသန်ပေမယ့်စွမ်းအောင်ကြိုးပမ်းနေသူ မထူးထူးမွန်

**ရန်ကုန် ဇွန် ၃၀**

"သမီးက လက်နှစ်ဖက်စလုံးမရှိတော့ စာကြာကြာရေးဖို့ အခက်အခဲရှိတယ်။ စာမေးပွဲဖြေတဲ့အခါမှာ အကူခေါ်ခဲ့ရတယ်"

မွေးရာပါ ခြေလက်အင်္ဂါချို့ယွင်းမှုများဖြင့် မွေးဖွားလာခဲ့သည့် မထူးထူးမွန်က စာမေးပွဲဖြေဆိုရာတွင် ကြုံတွေ့ရလေ့ရှိတဲ့ အခက်အခဲကိုပြောပြနေတာပါ။

ပထမအကြိမ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့စဉ်က ကျရှုံးခဲ့ရသော်လည်း လုံ့လ၊ ဝီရိယထက်သန်စွာ ကြိုးစားအားထုတ်မှုနှင့် အလှူရှင်နှင့် ကူညီဖေးမသူတို့ကြောင့် ယခုအခါ ၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့စာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုရာ အများနည်းတူ အောင်မြင်ခဲ့ပြီဖြစ်ပါတယ်။

မည်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေ တစ်ခါတစ်ရံ စိတ်ဓာတ်ကျစရာများ ကြုံတွေ့ခဲ့ရသည့်အခါတိုင်း "ပညာတတ်မှ ကိုယ့်ဘဝကို မြှင့်တင်နိုင်မယ်"ဟု ကိုယ့်ကိုယ်ကိုယ် အားပေးကာ ကြိုးစားခဲ့တယ်လို့ သူက ပြောပြပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာမှာ တောင်သူမျိုးရိုးဖြစ်တဲ့ အဖ ဦးမြင့်ငွေ၊ အမိဒေါ်စက်ငွေတို့ရဲ့ မွေးချင်းသားသမီး သုံးယောက်ထဲတွင် မထူးထူးမွန်က အထွေးဆုံးသမီးပါ။

မွေးဖွားလာစဉ်ကတည်းက ညာဘက်လက်တွင် လက်ချောင်းများ မပါရှိခဲ့သလို ဝဲဘက်လက်သည်လည်း တံတောင်ဆစ်အထိသာရှိပြီး ခြေထောက်နှစ်ဖက်မှာလည်း ဒူးဆစ်အထိသာရှိခဲ့သည့် သမီးငယ်အတွက် အမြဲတမ်းစိုးရိမ်ပူပန်မှုတွေရှိခဲ့တယ်လို့ မိခင်ဖြစ်သူ ဒေါ်စက်ငွေက ပြောပါတယ်။

အရွယ်ရောက်လာသည့် အချိန်တွင် ထမင်းစားခြင်း၊ ရေချိုးခြင်းစသည့် တစ်ကိုယ်ရေကိစ္စများကို ကိုယ့်အားကိုယ်ကိုးကာ ဆောင်ရွက်လာနိုင်သည့် မထူးထူးမွန်ကြောင့် "သူ့ဘာသာသူလုပ်တာကို တွေ့ရတဲ့အချိန်မှာ ကျွန်မစိတ်ထဲ အားရှိလာခဲ့တယ်"ဟု မိခင်ဖြစ်သူက ဆက်ပြောပြပါတယ်။

ကျောင်းတက်ရာတွင်လည်း မိခင်ဖြစ်သူမှ မူလတန်းကျောင်းသူအရွယ်အထိသာ လိုက်ပို့ပေးခဲ့ရပြီး အလယ်တန်းမှစ၍ ကျောင်းသွားဖော်သူငယ်ချင်းများနဲ့အတူ သဖန်းဆိပ်ရွာ လမ်းကိုဖြတ်ကာ ခြေကျင်လမ်းလျှောက်ပြီး ပျော်ရွှင်စွာ ကျောင်းတက်ခဲ့သူပါ။

တကယ်တော့ သာမန်လူများပင် သွားလာရာ ကြမ်းတမ်းသည့် လမ်းခရီးကို ဖိနပ်စီးဖို့ အခွင့်အရေးမသာခဲ့တဲ့ ခြေအင်္ဂါမပြည့်စုံသူ သူ့အတွက်တော့ "အသားတွေနာကျင်ခဲ့ရတယ်"ဟု မထူးထူးမွန်က ပြောပြခဲ့ပါတယ်။



မိသားစု စားဝတ်နေရေးအဆင်မပြေသော်လည်း မိဘများ၏ အားပေးမှု၊ ကျောင်းနေပျော်ပြီး ကြိုးစားအားထုတ်မှုတို့ကြောင့် မထူးထူးမွန်မှာ တစ်နှစ်တစ်တန်းပုံမှန်အောင်မြင်ခဲ့ရာမှ အဋ္ဌမတန်း တက်မည့်နှစ်တွင် ဖခင်ဖြစ်သူ ဆုံးပါးခဲ့သည့်အတွက် ပညာရေးရပ်ဆိုင်းရမည့်အခြေအနေနှင့်ကြုံတွေ့ခဲ့ရပြန်ပါတယ်။

"ကျွန်မတို့ ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာကျောင်းက ခုနစ်တန်းအထိပဲရှိတာ၊ အထက်တန်းကျောင်းက တခြားရွာမှာဆိုတော့ ကျောင်းဆက်မထားဖြစ်ဘူး။ စားရေးသောက်ရေးကလည်း ရှိသေးတယ်လေ"ဟု မိခင်ဖြစ်သူက ပြောပြပါတယ်။

ပညာသင်ကြားရန် အခက်အခဲဖြစ်နေသည့်သတင်းကို အင်တာနက်စာမျက်နှာမှတစ်ဆင့် စင်ကာပူတွင်နေထိုင်သည့် ဦးခင်မောင်ဆွေက သိရှိချိတ်ဆက်မိရာမှ မထူးထူးမွန်ရဲ့ အထက်တန်းပညာရေးအတွက် မျှော်လင့်ချက်ရောင်ခြည်များ ရရှိခဲ့ခြင်းဖြစ်ပါတယ်။

"၈တန်းထဲကစပြီး ပညာရေးအတွက်ထောက်ပံ့ခဲ့တယ်။ သမီး ၁၀ တန်းနှစ်မှာ ဆရာ ဦးခင်မောင်ဆွေ စင်ကာပူကနေပြန်လာပြီးနောက် သမီးနဲ့ ကျွန်မကို ကလေးမြို့ ပညာတံခွန်ကျောင်းကိုခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တာ အခုအချိန်အထိပါပဲ"ဟု မိခင်ဖြစ်သူက ပြောပြပါတယ်။

တကယ်တော့ မထူးထူးမွန်ရဲ့ ရည်မှန်းချက်ပန်းတိုင်က အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ ဒါပေမယ့် ကိုယ်နဲ့ထိုက်တန်လို့ ရရှိလာတဲ့အပေါ်မှာပဲ ဘွဲ့ရတဲ့အထိ အကောင်းဆုံး ကြိုးစားသွားမှာပါလို့ သူက ဆိုပြန်ပါတယ်။

လက်ရှိမှာတော့ မိမိနေထိုင် ပညာသင်ခွင့်ရခဲ့သည့် ပညာတံခွန်ကျောင်းတွင် ၈၊ ၉၊ ၁၀ တန်း ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများ ကူညီသင်ကြားကျက်မှတ်ပေးနေတဲ့ မထူးထူးမွန်က "ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ တတ်နိုင်တဲ့ဘက်က ဝိုင်းကူနေတာပါ။ ဆရာတို့သာ မပံ့ပိုးခဲ့ရင် အခုလိုဖြစ်လာမှာ မဟုတ်ပါဘူး"ဟု ဆိုပြန်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် မတူကွဲပြားမှုများ၊ ခက်ခဲသော ဘဝပေးအနေအထားများအပေါ်အခြေခံ၍ အလိုမပြည့်မှုနှင့် ဘဝကို မကျေနပ်စိတ်များကြောင့် ခိုက်ရန်ဒေါသပွားများလျက်ရှိသော မျက်မှောက်ကမ္ဘာကြီးတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့် မိမိကိုယ်မိမိယုံကြည်စိတ်၊ မလျှော့သော လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့သူ မထူးထူးမွန်အား မျိုးဆက်သစ်တို့ အတုယူဖွယ်ရာ စိတ်ဓာတ်နှင့် သန္နိဋ္ဌာန်ကို အထင်အရှားပြနိုင်သဖြင့် ၂၀၁၇ ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရွေးချယ်ချီးမြှင့်ခဲ့ပြီဖြစ်ပါတယ်။

"မထင်မှတ်ဘဲ အခုလို ကိုယ့်သမီးလေးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဂုဏ်ပြုခံရတယ်ဆိုတော့လေ အလွန်ကိုဝမ်းသာနေတာ။ ဘာပြောရမှန်းမသိ ပြောမပြတတ်အောင်ပါပဲ"ဟု မိခင်ဖြစ်သူက ပြောပါတယ်။

မထူးထူးမွန်တစ်ယောက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော်လည်း ကျေးဇူးရှင် ဆရာဦးခင်မောင်ဆွေက ဒသမတန်းအောင်မြင်သည်အထိသာ ပညာရေးအတွက် တာဝန်ယူမည်ဟု ပြောထားပြန်ရာ တက္ကသိုလ်ပညာဆက်လက်သင်ယူနိုင်ရေးအတွက် အဆင်မပြေမှုများကြုံလာမည့်အရေး ကြိုတွေးပြီး စိုးရိမ်ပူပန်မှုတွေကတော့ ရှိနေဆဲပါ။

ဘဝပေးအခြေအနေအရ မသန်စွမ်းသူတစ်ယောက်အဖြစ် ရှင်သန်နေရတဲ့ မိမိအတွက် ပညာသာလျှင် မိမိဘဝအတွက် တိုးတက်ရာလမ်းစ၊ ဘဝရပ်တည်နိုင်မှုဖြစ်တယ်ဆိုတာ မှန်ကန်စွာသုံးသပ်ပြီး မဆုတ်မနစ် ဇွဲလုံ့လထုတ်ပြီး ကြိုးစားနေတဲ့ မထူးထူးမွန်က အကြောင်းအမျိုးမျိုးကြောင့် ဘဝကိုရုန်းကန်ရှင်သန်နေရသူ လူငယ်တွေအတွက် "ကိုယ်ရှေ့ဆက်ရမယ့်ခရီးကို စိတ်ဓာတ်မကျဘဲ အောင်မြင်ရမယ်ဆိုတဲ့ စိတ်နဲ့ ရှေ့ဆက်ပါ" ဟု စကားလက်ဆောင် ပြောပေးခဲ့ပြန်ပါတယ်။

**သတင်းဆောင်းပါး- သီသီမင်း**

**ဓာတ်ပုံ -ပညာတံခွန်**

## အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးကော်မရှင်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် မိမိတို့သိလိုသည့် မေးခွန်းများကို မေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန် ၂၂ ရက်မှ ၂၇ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | လူငယ်များအတွက်အင်္ဂလိပ်စာ ဗိုက်တာမင်ဆောင်းပါးများ | ဒေါက်တာစိုးသန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂ | ပန်းသေပန်းညှိုးရောဂါ | ဒေါက်တာခင်မောင်လွင် | ၅၀၀၀ | Fame |
| ၃ | ကျွန်တော်နှင့်ပါမောက္ခများ | K ပေါ | ၃၀၀၀ | ဒေါင်း |
| ၄ | ဗုဒ္ဓဘာသာဝင်တို့၏ယုံကြည်ချက် | ခင်မောင်ညို(ဘောဂဗေဒ) | ၁၂၀၀ | စိတ်ကူးချိုချို |
| ၅ | လို တို ရှင်း-၁၀၀၀ အင်္ဂလိပ်စကားပြော | Saya Harry Khoo | ၂၀၀၀ | လဝန်း |
| ၆ | အိုးရှိုး၏သေဆုံးခြင်းအနုပညာ | အောင်မေဃ | ၂၀၀၀ | ယဉ်မျိုး |
| ၇ | မြန်မာမရှိခင်က မြန်မာပြည် | မောင်မောင်မြင့် | ၂၈၀၀ | ၇၇၇၇ |
| ၈ | ကမ္ဘာကျော်စာဆိုရှင် စစ်သူကြီးဝင်စတန်ချာချီ | ဇင်မျိုး | ၈၀၀ | စိတ်ကူးချိုချို |
| ၉ | လူ့သမိုင်းမှာအကြီးကျယ်ဆုံး တီထွင်ရေးသမားဂျိန်းဝပ် | ဇင်မျိုး | ၈၀၀ | စိတ်ကူးချိုချို |
| ၁၀ | ကျွန်တော်ကမြန်မာ သူကထိုင်၊ သူကမြန်မာ ကျွန်တော်ကမြန်မာ | မေကျော့ရှင်း | ၁၅၀၀ | - |
| ၁၁ | မြန်မာပုံပြင်စာအုပ် | ကလောင်စုံ | ၂၅၀၀ | ငါတို့စာပေ |
| ၁၂ | အနိုင်ရသူများ | ရွှေကူမေနှင်း | ၃၅၀၀ | The book house |
| ၁၃ | မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ထေရုပ္ပတ္တိ | ဦးသဃသနဝိသုဒ္ဓိ | ၅၅၀၀ | စိတ်ကူးချိုချို |
| ၁၄ | မေတ္တာဖွဲ့နှောင်ပန်းလက်ဆောင် | မြစန္ဒီမင်းစိန် | ၅၀၀၀ | Today |
| ၁၅ | လက်ဇပ်ကားနှင့်သံလွင်ပင် | မောင်စူးစမ်း | ၁၀၀၀၀ | ရန်ကုန်လမ်းမများ |
| ၁၆ | ချိန်းတဲ့ညမဂ္ဂဇင်း ဟာသဝတ္ထုရှည်များ-၃ | ကြပ်ကလေး | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၇ | စာပေလက်ရာများ | ဗန်မော်တင်အောင် | ၁၅၀၀ | ဆန်းစသော်တာ |
| ၁၈ | ဝဲသြဃမှာတေးသံပြိုင်လို့ | ဂျင်မီ | ၃၀၀၀ | ငါတို့စာပေ |
| ၁၉ | ကျူးဘားပြည်သူတို့၏ ဖခင်ကြီးကပ်စထရို | မင်းပုည | ၆၀၀ | အားမာန်သစ် |
| ၂၀ | သံမဏိလူသားတိန်ရှောင်ဖိန် | မင်းပုည | ၆၀၀ | အားမာန်သစ် |
| ၂၁ | အမေရိကန်အိပ်မက်နှင့် မြန်မာ့အမြော်အမြင် | လင်းယဉ် | ၂၅၀၀ | The Key |
| ၂၂ | မြို့ပြရောက်ညီမလေးသို့ ပေးစာများ | နေတည်ရဲ | ၁၀၀၀ | Pica |
| ၂၃ | တရားခွင်လက်စွဲ တရားမ (၂) | ခနွဖြူဦးသန်းဆွေ | ၂၅၀၀ | အားမာန်သစ် |
| ၂၄ | စိတ်ဖိစီးမှုပြဿနာ ဘယ်လိုဖြေရှင်းမလဲ | အောင်လှိုင် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၅ | ပူဆောင့်ပူပန်ဖြစ်နေသူနှင့် အိုးထိန်းသည်သမီးရည်စား ဝတ္ထုတိုများ | ဆင်ဖြူကျွန်းအောင်သိန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၆ | ရှိကျင့်ဖျင် | Quality အယ်ဒီတာအဖွဲ့ | ၂၅၀၀ | Q uality |
| ၂၇ | အမိတက္ကသိုလ်၏ ရင်ခွင်မှာ | မောင်ခင်မင်(ဓနုဖြူ) | ၄၀၀၀ | ရာပြည့် |
| ၂၈ | ဒီမိုကရေစီအစိုးရအတွက် စိန်ခေါ်ချက်အင်တာဗျူးများ | မိုးအောင်လင်းနိုင် | ၁၅၀၀ | မန်းချောင်း |
| ၂၉ | ဆေးဆရာမှတ်စု (၃) | ကြည်လွင်မြင့်(မုဒြာ) | ၁၈၀၀ | စိုးစံ |
| ၃၀ | သားသို | လက်ာရည်ကျော် | ၂၅၀၀ | နန်းဒေဝီ |
| ၃၁ | ကြာပွင့်လိုလူနှင့်လူငယ်အလင်းဖွင့်ဆောင်းပါးများ | ရောငြိမ်းအေး | ၂၀၀၀ | ၇၇၇၇ |
| ၃၂ | လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် | ကိုကိုနိုင် | ၂၀၀၀ | ငါတို့စာပေ |
| ၃၃ | ခရီးပုံရိပ် | ဝင်းဝင်းမြင့် | ၂၅၀၀ | လင်းလွန်းခင် |
| ၃၄ | ဒေါင်းမြန်မာပဝါလွှမ်း တော်ဝင်ပန်းတဝေဝေ | မြမြစန်း | ၂၀၀၀ | ကောင်းစုသာ |
| ၃၅ | ကံ့ကော် | လက်ာရည်ကျော် | ၂၈၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၆ | သခင်ဗဟိန်း(သို့) ညီညွတ်ရေးဗိသုကာ | ကလောင်စုံ | ၅၀၀၀ | မြန္တာ |
| ၃၇ | စောမွန်လှ | သီပေါကိုလတ် | ၂၀၀၀ | ရှင်မတောင် |
| ၃၈ | လူငယ်တွေစိန်စီမှ အချိန်စီးတဲ့လူကြီးတွေဖြစ်မယ် | ကလောင်စုံ | ၂၀၀၀ | စာပေခရီးသွား |
| ၃၉ | သခင်ဗဟိန်းနှစ် ၁၀၀ ပြည့် အမှတ်တရစာစုများ | မောင်နွေထက် | ၁၀၀၀ | နေရီရီ |

# မြန်မာနိုင်ငံအနှံ့ရှိ လိုအပ်ချက်ရှိသော ကျောင်းနေအရွယ်ကလေးများအား ကူဘိုတာမှ လွယ်အိတ်နှင့် စာရေးကိရိယာများ အစုံရေ ၁၅၀၀၀ လှူဒါန်း

**နေပြည်တော် ဇွန် ၃၀**

KUBOTA Myanmar Co.,Ltd.နှင့် SIAM KUBOTA Corporation Co.,Ltd. တို့ ပူးပေါင်း၍ တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံအနှံ့ရှိ လိုအပ်ချက်ရှိသော ကျောင်းနေအရွယ်ကလေးများအား လွယ်အိတ်နှင့် စာရေးကိရိယာ အစုံရေ ၁၅၀၀၀ ကို ဇွန် ၂၈ ရက်က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယမန်နှစ်က ကူဘိုတာမှ လှူဒါန်းသည့် ကျောပိုးအိတ်၊ စာအုပ်နှင့် စာရေးကိရိယာအစုံ ၁၅၀၀၀ ထဲမှ ၅၀၀၀ ကို ပညာရေးဝန်ကြီးဌာနကို ပေးကြောင်း၊ ယခုနှစ်တွင် ကျောပိုးအိတ်၊ စာအုပ်နှင့် စာရေးကိရိယာအစုံ ၁၅၀၀၀ ထဲမှ ၉၀၀၀ ကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်ရှိသည့် မျက်မမြင်၊ နားမကြားသည့် ကျောင်းသား ကျောင်းသူများကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် ကျောပိုးအိတ်နှင့် စာရေးကိရိယာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဖြန့်ဝေပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စီးပွားရေးမူဝါဒသည် စိုက်ပျိုးရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရန် သာမက တတိယအကြိမ်မြောက်အဖြစ် သုံးနှစ်ဆက်တိုက် လွယ်အိတ်နှင့် စာရေးကိရိယာများ လှူဒါန်းသကဲ့သို့ပင် လူ့အဖွဲ့အစည်းကို နှစ်စဉ်ဆက်တိုက် ကူညီထောက်ပံ့ရန်ကတိကဝတ်ပြုကြောင်း၊ ကျောင်းနေအရွယ်ကလေးများကို ပညာရေးအသုံးအဆောင်ပစ္စည်းများ အစုံအလင်ဖြင့် အဆင့်မြင့်မြင့် ပညာသင်ကြားနိုင်စေရန်ဖြစ်ကြောင်း ကူဘိုတာမှ Mr. Somboon Chintanaphol က ပြောကြားသည်။

ကူဘိုတာအနေဖြင့် မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ပညာရေးအသုံးအဆောင်ပစ္စည်းအစုံရေ ၄၅၀၀၀ ကို ထောက်ပံ့လှူဒါန်းရန် ရည်ရွယ်ထားပြီး ကျောင်းနေအရွယ် ကလေးငယ်များကို ပညာရေးသင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းကို အစိုးရအဖွဲ့အစည်းနှင့် တရားဝင်အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် လှူဒါန်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အနာဂတ်တွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကတွန်းအားတစ်ခုဖြစ်သော ပညာရေးနှင့် လူငယ်တို့၏ အရေးပါပုံကို ကမ္ဘာတစ်ဝန်းလုံးက သိရှိနားလည်စေရန် ဇွန်လတွင် မြန်မာနိုင်ငံ ကလေးများနေ့နှင့် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် လွယ်အိတ်နှင့် စာရေးကိရိယာ အစုံရေ ၁၅၀၀၀ ကို လှူဒါန်းရာတွင် နယ်မြေဒေသအများအပြားသို့ ရောက်ရှိရန်အတွက် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသို့ အစုံရေ ၉၀၀၀ နှင့် တရားဝင်အရောင်းကိုယ်စားလှယ်များသို့ အစုံရေ ၆၀၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းလည်း ကူဘိုတာမြန်မာမှ မန်နေဂျင်းဒါရိုက်တာ တိုယိုကာဇူမူရာတာက ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အဖွင့်အမှာစကားပြောကြားစဉ်။



## စာစီစာကုံးပြိုင်ပွဲ ထူးချွန်ဆုပေးအပ်

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် (၅) ကျောင်းခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကာ စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုချီးမြှင့်ပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူ အထက်တန်းအဆင့် သုံးဦးနှင့် အလယ်တန်းအဆင့် သုံးဦးတို့အား တာဝန်ရှိသူများက တစ်ဦးချင်းစီ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အထူးမူးယစ်အဖွဲ့ တပ်ဖွဲ့စု ၄၂ မှ ဒု-ရဲမှူး တေဇာလွင်က ပရိုဂျက်တာဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် အသိပညာပေး ဟောပြောခဲ့သည်။

**(ခင်မောင်သော်)**



မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ **မေသူလွင်(မကွေးကိုယ်ပွား)**

# စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော သီးနှံအာမခံ စတင်ဆောင်ရွက်နိုင်တော့မည်

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအခြေခံထားသော နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော သီးနှံအာမခံ (Crop Insurance)ကို စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အစိုးရပိုင်လုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့အာမခံလုပ်ငန်းကို စတင်ထူထောင်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ရှိခဲ့ပြီး အာမခံအမျိုးအစားပေါင်း ၄၆ မျိုးခန့် ဝန်ဆောင်မှုပေးလျက်ရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသည့် သီးနှံအာမခံကို ပေးအပ်နိုင်ခြင်းမရှိသေးပေ။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများကို စတင်ခွင့်ပြုခဲ့သည့်နောက် ၂၀၁၃ ခုနှစ်မှ စတင်ပေါ်ပေါက်လာခဲ့သော ပုဂ္ဂလိက အာမခံကုမ္ပဏီများကို မူလခွင့်ပြုပေးထားသည့် အာမခံအမျိုးအစားများသာမက နိုင်ငံတကာ အာမခံဈေးကွက်များနှင့် နှိုင်းယှဉ်ကာ အာမခံအမျိုးအစားသစ်များကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ပုဂ္ဂလိက အာမခံလုပ်ငန်းကြီးကြပ်ရေးမှ ခွင့်ပြုပေးမည်ဟု ဆိုလာရာ မူလအာမခံအမျိုးအစားများတွင် မပါဝင်သေးသည့် အမျိုးအစားသစ် သီးနှံအာမခံအမျိုးအစားကို မကြာမီ ပေးအပ်နိုင်တော့မည်ဟု သိရသည်။

အဆိုပါ အာမခံအမျိုးအစားသည် ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှား၊ ဂျပန် စသည့် နိုင်ငံများသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်းအပြင် အာဆီယံဒေသတွင်း ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့၌လည်း သီးနှံအာမခံ (သို့မဟုတ်) စိုက်ပျိုးရေးအာမခံတို့ကို ဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် စိုက်ပျိုးရေးအခြေခံဖြစ်သော မြန်မာနိုင်ငံတွင်လည်း သီးနှံအာမခံကို စတင်သင့်ပြီဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ အငြိမ်းစားအရာရှိတစ်ဦးက သုံးသပ်သည်။

အဆိုပါ သီးနှံအာမခံအမျိုးအစားကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလခန့်က ပုဂ္ဂလိက အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် Global World Insurance ကုမ္ပဏီမှ ပုဂ္ဂလိက အာမခံလုပ်ငန်းကြီးကြပ်ရေးသို့ တင်ပြလာခဲ့ပြီး လက်ရှိအစိုးရသစ်လက်ထက် ပုဂ္ဂလိကကဏ္ဍအားပေးခြင်းနှင့် အာမခံအမျိုးအစားသစ်များ တီထွင်ဝန်ဆောင်မှုပေးခြင်းတို့ကို ခွင့်ပြုပေးမည်ဖြစ်သောကြောင့် မကြာမီတွင် သီးနှံအာမခံကို Pilot Project အနေဖြင့် စတင်နိုင်တော့မည်ဟု သိရသည်။

“သီးနှံအာမခံကို လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက လုပ်ချင်စိတ်ဖြစ်ပေါ်နေတာပါ။ ဒါပေမယ့် ဘယ်သူမှ အားမပေးကြဘူး။ ရှုံးလိမ့်မယ်ပေ့ါ။ ဒါပေမယ့် သူများနိုင်ငံတွေမှာ ဘယ်လိုလုပ်ကြလဲ၊ သီးနှံအာမခံလုပ်လို့ ဒေဝါလီခံတဲ့ ကုမ္ပဏီရှိလား လေ့လာကြည့်တဲ့အခါ နိုင်ငံတော်တော်များများမှာ နိုင်ငံပိုင်အာမခံလုပ်ငန်းနဲ့ J.V သော် လည်းကောင်း၊ အစိုးရက Subsidy လုပ်ပေးတာသော် လည်းကောင်း ဝင်ပါပေးတာ တွေ့ရတယ်။ သီးနှံအာမခံဖော်ဆောင်ရတဲ့ အဓိကရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံမှာ စိုက်ဧက ၁၆ သန်းကျော်ရှိတယ်။ နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းလောက်က စိုက်ပျိုးထုတ်လုပ်သူတွေ။ ဒီလို စိုက်ပျိုးရေးနဲ့ပတ်သက်နေတော့ သူတို့တွေ လူမှုစီးပွားဘဝမြင့်မှ နိုင်ငံလည်းအဆင့်ရှိမယ်။ နှစ်စဉ်နီးပါး ရေကြီးလို့ လယ်ရေမြုပ်လိုက်၊ တချို့နှစ်တွေ မိုးခေါင်လို့ စပါးခင်းတွေ ပျက်လိုက်နဲ့ တစ်ခုခုနဲ့ အထွက်နှုန်းတွေ ကျလာတယ်။ တချို့နေရာတွေမှာ တစ်ဧက စပါးတင်း ၁၀၀ ကျော်ထွက်ပေမယ့် တချို့နေရာတွေမှာ သဘာဝဘေးကြောင့် မျိုးတောင်ပြန်မရတာတွေရှိတယ်။ အစိုးရကလည်း တတ်နိုင်သမျှ သဘာဝဘေးဒဏ်သင့်ဒေသတွေကို ကူညီပေမယ့် ပျက်စီးမှုတိုင်းအတွက် ထောက်ပံ့ဖို့ခက်ပါတယ်။ ရာသီဥတုဆိုးရွားတဲ့နှစ်တွေမှာ တောင်သူလယ်သမားတွေအတွက် အာမခံလျော်ကြေးငွေ ပျက်စီးတဲ့အတိုင်းအတာအတိုင်း ရနိုင်ရင် သူတို့ အခုနှစ်အတွက်ရော နောင်လာမယ့်နှစ် စိုက်ရာသီအတွက်ပါ စိုးရိမ်ပူပန်စရာမရှိတော့ဘူး။ နိုင်ငံတော်အစိုးရပိုင်းကလည်း ကုန်ထုတ်စွမ်းအားကျဆင်းမှာမျိုး နည်းသွားမယ်”ဟု သီးနှံအာမခံကို စတင်ဆောင်ရွက်ရန် တင်ပြခဲ့သည့် Global World Insurance ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ရှင်းပြသည်။

ယင်းသို့ သီးနှံအာမခံကို ဆောင်ရွက်သင့်ကြောင်း ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်လည်း တင်ပြဆွေးနွေးသွားခဲ့ပြီး အမှန်တကယ်အားဖြင့် သီးနှံအာမခံ စတင်ဆောင်ရွက်နိုင်ရန်မှာ စနစ်တကျ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးစိုးဝင်းသန့်က ပြောသည်။ သီးနှံအမျိုးအစား၊ ဒေသအသီးသီးတို့အပေါ် မူတည်၍ အာမခံပရီမီယံသတ်မှတ်ခြင်း၊ လျော်ကြေးပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိမ်လည်မှုများ မဖြစ်ပေါ်စေရန်အတွက်လည်း ယုံကြည်မှုများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း အရေးကြီးသည်ဟု သိရသည်။

“၂၀၁၆ ခုနှစ် အောက်တိုဘာမှာ ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို လုပ်ချင်တဲ့ အာမခံအမျိုးအစားသစ်တွေကို တင်ပြခိုင်းတယ်။ ကျွန်တော်တို့အနေနဲ့ သီးနှံအာမခံကို တင်ပြခဲ့တယ်။ ဒေသတွင်း နိုင်ငံတွေမှာ ဒါကို လုပ်နေကြတယ်။ နည်းလမ်းရှိတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတော့ တစ်ဧက အထွက်နှုန်းနဲ့သွားမယ်။ အန္တရာယ်တော့ကြီးတယ်။ ဒါကြောင့် လက်လှမ်းမီတဲ့ဒေသ ဥပမာ ရန်ကုန်တိုင်းဒေသကြီးမှာ စမ်းသပ်ဧရိယာသတ်မှတ်ပြီးတော့ Pilot Project အနေနဲ့ နှစ်နှစ်လောက်လုပ်မယ်လို့ တင်ပြထားတယ်။ အဲဒီမှာ နိုင်ငံရဲ့ အဓိကဖြစ်တဲ့ စပါးကို အရင်လုပ်ကြည့်ပါမယ်။ တစ်ဧကကို ပရီမီယံကြေး ကျပ် ၅၀၀၀ နှုန်းပေ့ါ။ ဒါက ဒေသအလိုက် အနည်းအများရှိသွားနိုင်တယ်။ ဥပမာ ဒီဒေသမှာ စပါးတစ်ဧကတင်း ၅၀ ထွက်တယ်လို့ သတ်မှတ်ထားတယ်ဆိုရင် ဒီနှစ်မှာ မိုးရေဝင်ပြီး လယ်ရေမြုပ်တော့ စပါးပေါ်ချိန်မှာ တစ်ဧက တင်း ၃၀ ပဲ ထွက်တော့တယ်ဆိုရင် ကွာဟတဲ့ တင်း ၂၀ စာကို ပြီးခဲ့တဲ့နှစ် စပါးဈေးနဲ့ အာမခံထားတဲ့ လယ်သမားကို ပေးလျော်သွားမယ့်စနစ်ပေ့ါ။ အကယ်၍ သူ့လယ်က တင်း ၆၀ ထွက်တယ်ဆိုရင်တော့ လျော်စရာမလိုဘူးပေ့ါ။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ဌာနဆိုင်ရာတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်းလိုပါတယ်။ ယုံကြည်မှုနဲ့လုပ်ရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်ရယ်၊ စိုက်ပျိုးရေးဌာနမန်နေဂျာရဲ့ ထောက်ခံချက်လက်မှတ်ရေးထိုးမှုတွေနဲ့ လျော်ကြေးတင်ပြ တောင်းခံနိုင်တဲ့စနစ်ပေ့ါ။ ဒါကြောင့် ကျွန်တော်တို့ဘက်ကလည်း စိုက်ပျိုးရေးကျွမ်းကျင်သူတွေခန့်အပ်ရမှာဖြစ်သလို စိုက်ပျိုးရေးဦးစီးဌာနရဲ့ အချက်အလက်တွေ၊ မိုးလေဝသဌာနရဲ့ မိုးလေဝသဆိုင်ရာအချက်အလက်တွေ၊ ဒေသအာဏာပိုင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ နောက်တစ်ခုက ပြည်သူလူထုရဲ့ အာမခံအပေါ် နားလည်သဘောပေါက်မှု၊ အစိုးရပိုင်းက စည်းမျဉ်းစည်းကမ်း၊ ဥပဒေလုပ်ပေးပြီး ငွေကြေးထောက်ပံ့မှုအပိုင်း ပံ့ပိုးကူညီရင် မကြာမီမှာ အာမခံထားသူရော၊ အာမခံလုပ်ကိုင်သူတွေပါ အကျိုးဖြစ်ထွန်းစေမယ့် သီးနှံအာမခံပေါ်ပေါက်လာမှာပါ”ဟု Global World Insurance ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

သီးနှံအာမခံသည် မြန်မာနိုင်ငံ၌ ဆောင်ရွက်ခြင်းမရှိဖူးသေးသည့် အာမခံအမျိုးအစားသစ်ဖြစ်သည့်အပြင် လတ်တလောတွင် အကျိုးအမြတ်ရရှိနိုင်သည့် အာမခံအမျိုးအစားမဟုတ်သည့်အတွက်ကြောင့် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ရန် စိတ်ဝင်စားမှုအားနည်းနေပြီး စိုက်ပျိုးရေးကဏ္ဍဖြစ်သည့်အတွက် အစိုးရမှ ပါဝင်ပံ့ပိုးပေးခြင်းဖြင့် ရာသီဥတု၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာမည့် စိုက်ဧကပျက်စီးခြင်း၊ စိုက်သီးနှံအထွက်လျော့နည်းခြင်း၊ တောင်သူလယ်သမားများ နစ်နာဆုံးရှုံးခြင်းတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အတွက် အားလုံးအကျိုးရှိနိုင်စေသည့် အာမခံအမျိုးအစားဖြစ်ကြောင်း အာမခံကျွမ်းကျင်ပညာရှင်များက သုံးသပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာမခံ အသိအမြင်ဆိုင်ရာ နောက်ကျခဲ့ပြီး ပုဂ္ဂလိက အာမခံကုမ္ပဏီများ စတင်ခဲ့စဉ်က အများပြည်သူ စိတ်ဝင်စားမှု အားနည်းခဲ့သော်လည်း လက်ရှိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း၊ နိုင်ငံတကာကုမ္ပဏီများ ရောက်ရှိလာခြင်းတို့တွင် အာမခံသည် မရှိမဖြစ် လိုအပ်လာသည့် အကာအကွယ်တစ်ခုအဖြစ် စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။ နိုင်ငံတကာတွင် အာမခံမပါဝင်ဘဲ အလုပ်မလုပ်ကြသလို မြန်မာနိုင်ငံ၌လည်း အာမခံလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ကာ စိုက်ပျိုးရေးအခြေခံဖြစ်သည့် နိုင်ငံ၌ သီးနှံအာမခံသည်လည်း အရေးပါသော အာမခံဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ လက်ရှိတွင် ပြည်တွင်း ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုတို့က အာမခံအမျိုးအစား ကိုးခုကို ဝန်ဆောင်မှုပေးနေပြီး မကြာမီတွင် အာမခံအမျိုးအစားသစ်များကို ထပ်မံခွင့်ပြု လုပ်ကိုင်ခွင့်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

# မူဆယ်နယ်စပ်မှ တရားမဝင်တင်သွင်းလာသည့် Xiaomi Redmi 4A ဟန်းဆက်များ သိမ်းဆည်းရမိ

**မူဆယ် ဇွန် ၃၀**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဇွန် ၂၉ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်ပေါ်တွင် တရားမဝင် တင်သွင်းလာသည့် အထောက်အထားမဲ့ Xiaomi Redmi 4A ဟန်းဆက်များအား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်က ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် ခရီးသည်ပစ္စည်းများနှင့် အတူရောနှော တင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Xiaomi Redmi 4A ဟန်းဆက် (၁၀၀) Nos ခန့်မှန်းတန်ဖိုး ကျပ်ရှစ်သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းအပြင် စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်လျက်ရှိရာ ဇွန် ၂၉ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှု



နှစ်မှု ခန့်မှန်းတန်ဖိုး ကျပ် ၁၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်များ တားဆီးနိုင်ခဲ့မှု နှစ်မှု ခန့်မှန်းတန်ဖိုး ကျပ် ၄ ဒသမ ၆၅ သန်းခန့်၊ စုစုပေါင်းတားဆီးမှု လေးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုး ၁၅ ဒသမ ၆၅ သန်းအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# ရေမြောင်းတူးဖော်ရာမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**မြစ်ကြီးနား ဇွန် ၃၀**

မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နှင့် မြို့သစ်ကြီးရပ်ကွက်ကြားရှိ ရေမြောင်းတူးဖော်



ရာမှ ဗုံးသီးဟောင်းတစ်လုံးကို ဇွန် ၃၀ ရက်က တွေ့ရှိခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးဘေးရှိ ရေမြောင်းအား လွန်ခဲ့သော တစ်ပတ်ခန့်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်စေရန် ဘက်ဟိုးဖြင့် တူးဖော်ပြီးမြေများကုန်းပေါ်သို့ တင်ထားခဲ့ရာမှ ရုံးဝန်ထမ်းတစ်ဦးက မြေပုံပေါ်တွင် အရှည်၁၂ လက်မ ပတ်လည် ခြောက်လက်မခန့် သံချေးတက်နေသော ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးသီးအား မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းက လာရောက်ကြည့်ရှုပြီး စစ်ဆေးထိန်းသိမ်းမှုများ ပြုလုပ်နိုင်ရန်အတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မှူးရုံးသို့ အကြောင်းကြားထားကြောင်း သိရသည်။ **(မင်းမင်းဦး)**

# သတင်းမီဒီယာသမားသုံးဦး အရေးယူခံရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**အမှတ်(၇/၂၀၁၇)**

**နေပြည်တော် ဇွန် ၃၀**

၁။ ၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်တွင် ဧရာဝတီသတင်းဌာနမှ အကြီးတန်းသတင်းထောက်တစ်ဦးနှင့် ဒီမိုကရက်တစ် မြန်မာ့အသံမှ သတင်းထောက်နှစ်ဦးတို့အား TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက်လားရှိုးမြို့နယ် ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း သိရှိရပါသည်။အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများက သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ဖောက်ဖျက်ရာရောက်ကြောင်း ရေးသားဖော်ပြကြပါသည်။

၂။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အရေးယူခံရသူများသည် သတင်းမီဒီယာသမားများဖြစ်သဖြင့် ၎င်းတို့၏ သတင်းရယူခွင့်နှင့် သတင်းလွတ်လပ်ခွင့်ကို အလေးထားစဉ်းစားရန်နှင့် ယခုအချိန်သည် ပြည်ထောင်စုငြိမ်းချမ်းရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ဆောင်နေသော အချိန်ကာလဖြစ်သည်ဆိုသည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် သင့်မြတ်မည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယူဆပါသည်။

၃။ အဆိုပါ သတင်းမီဒီယာသမားများအား ထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ပြုရန်၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြုရန်နှင့် တရားရင်ဆိုင်သည့်အခါတွင် ရှေ့နေငှားရမ်းခွင့်နှင့် တိုင်ပင်ခွင့်ပြုရန်စသည့် ၎င်းတို့၏ အခြေခံအခွင့်အရေးများအား ခံစားခွင့်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**❍ ထိုင်းနိုင်ငံမှ**

ထိုင်းဘာသာစကားမတတ်ကျွမ်းမှု၊ ဥပဒေအကျိုးသက်ရောက်မည့်နေ့မသိရှိမှုနှင့် လေ့လာမှု အားနည်းမှုတို့ကြောင့် ဖမ်းဆီးအရေးယူခံရမှုများ များပြားနေခြင်းဖြစ်ကြောင်း၊ အလားတူ ဆက်လက်ဖြစ်ပွားလာပါက မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် ဥပဒေနှင့်မညီညွတ်သူ မြန်မာအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လာကြရန် ဝန်ကြီးဌာနက အလုပ်သမားများအား အသိပေးအကြောင်းကြားမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အထက်ပါဥပဒေ စတင်အသက်ဝင်သည့် ဇွန် ၂၂ ရက်မှစ၍ တရားဝင်အလုပ်သမားများအား စတင်ဖမ်းဆီးခဲ့ရာ ဇွန် ၂၉ရက်တွင် မြဝတီ ၉၉၉ (ကိုးသုံးလုံး) ဂိတ်၌ မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၆၅၆ ဦးကို ထိုင်းနိုင်ငံဘက်မှ ပြန်လည်စေလွှတ်ခဲ့သဖြင့် မြဝတီမြို့ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများအပါအဝင် ဒေသအာဏာပိုင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝကနှင့် ဌာနစုံမှ သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားများသည် မိမိတို့အစီအစဉ်ဖြင့် သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း၊ ဇွန် ၃၀ ရက်တွင် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းသည် မြဝတီမြို့၌ သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးပြီး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တရားဝင်လမ်းကြောင်းမှသာ စနစ်တကျလွှဲပြောင်းရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်လည်ရောက်ရှိလာမည့် အလုပ်သမားများအား လိုအပ်သည့်အကူအညီများ ပံ့ပိုးရေး၊ ခေတ္တနေထိုင်စားသောက်ရေးနှင့် သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်ကူညီပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံတွင် ဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဇွန် ၂၉ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ထိုင်းနိုင်ငံအစိုးရထံ အလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေး ပြင်ဆင်ချိန်အတွက် ကာလတစ်ခုသတ်မှတ်၍ မြန်မာနိုင်ငံသို့ ပြန်ခွင့်ပြုရန်၊ အကယ်၍ ပြန်ပို့မည်ဆိုပါက နှစ်နိုင်ငံညှိနှိုင်း၍ တရားဝင်လမ်းကြောင်းဖြင့် စနစ်တကျ လွှဲပြောင်းပေးရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# ကျောက်တံခါးတွင် ကုန်တင်ယာဉ်တိမ်းမှောက်၊ သုံးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ကျောက်တံခါး ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရင်းတိုက်ကုန်းကျေးရွာ ရင်းတိုက်ကုန်းအုပ်စု၌ ဇွန် ၃၀ ရက် နံနက် ၆နာရီက ယာဉ်တိမ်းမှောက်ရာမှ အမျိုးသမီး သုံးဦး သေဆုံးကာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းမိုင်တိုင် အမှတ်(၁၁၇/၂)နှင့်(၁၁၇/၃)အကြားတွင်ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်ဖြိုး မောင်းနှင်လာသောယာဉ်အမှတ် SHN-5C/6697 NISSAN DIESEL CD45အမျိုးအစား အပြာရောင် ၁၀ဘီးယာဉ်သည် နေကြာဖက်အိတ် ၁၀၀ခန့်နှင့် ယာဉ်၏ခေါင်းခန်းတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦးတို့စီးနင်းလိုက်ပါလာစဉ် အခင်းဖြစ်နေရာ အရောက်တွင် အရှိန်းမထိန်းနိုင်ဘဲကားလမ်း၏ ဘယ်ဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ဒဏ်ရာမရရှိခဲ့သော်လည်း မအေးသီတာထွန်း (၂၅) နှစ် ရပ်စောက်မြို့ တောင်ကြီးမြို့နယ်၊ မချောချော (၂၅) နှစ် (နေရပ်တူ)၊ ဒေါ်ခင်မြင့် အသက် လိပ်စာ(စုံစမ်းဆဲ)တို့မှာ ပြင်းထန်ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ ပြင်ပလူနာ(မစိုးရိမ်ရ)အဖြစ် ကျောက်တံခါးမြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ယာဉ်မောင်းမောင်ဖြိုးအား ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

**❒ ပြိုင်ဘက်မှ**

ထိုးသတ်နိုင်တယ်၊ ဒုတိယအချီ၊ တတိယအချီတွေမှာ တစ်ဖက်က အောက်ပိုင်းဖြတ်သိမ်းချုပ်ကွက်တွေကို အပေါ်က ဖိထိုးတဲ့လက်သီးတွေကို အောင်လက ပါးနပ်စွာ ကာကွယ်နိုင်တယ်။ အဲဒီအတွက် ဒိုင်ရဲ့အမှတ်ပေးဆုံးဖြတ်ချက်နဲ့ အောင်လက ချန်ပီယံခါးပတ်ရရှိသွားတယ်လို့ သုံးသပ်ပါတယ်”ဟု ဦးလှသန်းက ပြောသည်။

ကမ္ဘာ့ချန်ပီယံလုပွဲနှင့်အတူ အခြားတွဲဆိုင်းများအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့တွဲဆိုင်းတွင် သွေးသစ်ဝင်းလှိုင်နှင့် စိုးထက်ဦးတို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဒိုင်အမှတ်ပေး ဆုံးဖြတ်ချက်ဖြင့် စိုးထက်ဦး အနိုင်ရရှိသည်။ MMA ပြိုင်ပွဲတွင် သပြေညိုက ပထမအချီမှာပင် ဝိုက်လက်သီးဖြင့် ထက်အောင်ဦးကို အနိုင်ရရှိခဲ့ပြီး ပတ်ကျော်လင်းနိုင်အား ရဲသွေးနီက အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အပြင် မြန်မာအားကစားသမားများအတွက် ဖလိုင်းဝိတ်တန်းပြိုင်ပွဲကျင်းပရာ ကျားဘဟိန်းနှင့် စောမင်းမင်း ပွဲစဉ်တွင် စောမင်းမင်းကအနိုင်ရရှိခဲ့ပြီး ၎င်းနှင့် ရွှေကျောင်းသားတို့ ထိုးသတ်ရာ စောမင်းမင်းက ထပ်မံအနိုင်ရရှိပြီး ဖလိုင်းဝိတ်တန်းဆုကို ရရှိသည်။

MMA နိုင်ငံခြားတွဲဆိုင်းများဖြင့် ကီဗင်ချောင် (တောင်ကိုရီးယား)က ရှောင်ကျန်ယာ(တရုတ်)ကိုလည်းကောင်း၊ ဘရူနိုပူစီ(ဘရာဇီးလ်)က ဂျင်မီယာဘို(ဖိလစ်ပိုင်)ကိုလည်းကောင်း၊ မိန်းကလေးတွဲဆိုင်းတွင် ယာမာဂူချီ (ဂျပန်)က ဂျင်နီယောင်(ထိုင်ဝမ်)ကိုလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

**သတင်း-ဇာနည်မောင်**

# မြန်မာနှင့် ဂျပန်တက္ကသိုလ်အသင်း နှစ်ပွဲဆက်အနိုင်ရ

**ရန်ကုန် ဇွန် ၃၀**

ဆီးဂိမ်းပြိုင်ပွဲအကြို KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ် ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာ ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ နှစ်ပွဲဆက် အနိုင်ရခဲ့သည်။

| | |
|---|---|
| **မြန်မာ ယူ - ၂၂** | **နှစ်ဂိုး** |
| **ဟောင်ကောင် ယူ - ၂၂** | **တစ်ဂိုး** |

နှစ်ပွဲဆက်အနိုင်ရခဲ့သည့် အိမ်ရှင် မြန်မာအသင်းသည် ချန်ပီယံဆု အတွက် ဂျပန်တက္ကသိုလ်အသင်းနှင့် အဆုံးအဖြတ် ကစားရတော့မည်ဖြစ် သည်။ မြန်မာယူ-၂၂ အသင်းသည် ယခုပွဲတွင် အနိုင်ရရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းတွင် သွင်းယူခဲ့သည့်ဂိုးများဖြင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အမှတ်ပြည့်ရခဲ့ သော်လည်း ခံစစ်ပိုင်းက နှစ်ပွဲဆက် ဂိုးပေးထားရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ကမ္ဘောဒီးယားကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ခဲ့ပြီး နေမကောင်းဖြစ်နေသည့် လှိုင်းဘိုဘိုအစား ရဲရင့်ထွန်း၊ သန်းပိုင်အစား ရန်ပိုင်စိုးတို့ကို ထည့်သွင်းကစားခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ဟောင်ကောင်အသင်း၏ ခံစစ်ဗျူဟာကို မကျော်နိုင်ခဲ့ပေ။ ပထမပိုင်းတွင် မြန်မာအသင်း ဂိုးရနိုင်သည့် အခွင့်အရေး အနည်းငယ်သာ ရရှိခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းသည် ဂိုးထပ်မံရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး တွဲလုံးများဖြင့် တိုက်စစ်ဆင် ကစားခဲ့သည်။ ပထမပိုင်းတွင် မြန်မာတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သည့် ဟောင်ကောင်အသင်းခံစစ်မှာ ပြိုဆင်းသွားခဲ့ပြီး ၅၁ မိနစ်တွင် ဂိုးစပေးခဲ့ရသည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ရန်နိုင်ဦးပေးသော ဘောလုံးကို မောင်မောင်လွင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ၆၁ မိနစ်တွင် အောင်သူက ဒုတိယဂိုး သွင်းယူခဲ့သည်။ ၆၈ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီပေးခဲ့ရပြီး တန်သျူလောင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟောင်ကောင်အသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

ပထမပွဲတွင် ဂျပန်တက္ကသိုလ်အသင်းက ကမ္ဘောဒီးယား ယူ-၂၂ အသင်းကို ခြေအသာဖြင့် ကစားပြီး ငါးဂိုး -တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုပြိုင်ပွဲကို Title Sponsor အဖြစ် ပံ့ပိုးကူညီပေးသည့် KBZ Bank သည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း ပြိုင်ပွဲမတိုင်မီ အတွေ့အကြုံကောင်းများရရှိပြီး အားနည်းချက်၊ အားသာချက်များကို အချိန်မီပြင်ဆင်ဖြည့်ဆည်းနိုင်ရန်အတွက် ကျင်းပပေးခြင်းဖြစ်သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို ဇူလိုင် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ယခုပွဲအပြီးတွင် ဂျပန်တက္ကသိုလ်နှင့် မြန်မာအသင်းတို့က ခြောက်မှတ်စီ၊ ဟောင်ကောင်နှင့် ကမ္ဘောဒီးယားတို့က အမှတ်မရသေးဘဲ ချန်ပီယံဆုအတွက် မြန်မာနှင့် ဂျပန်ပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

# အာဆင်နယ်နှင့် ရီးယဲလ် ပရိသတ်များကို စိတ်ပျက်စေခဲ့တဲ့ မက်ပီရဲ့ အပျော့စား သတင်းပေးမှု




မိုနာကို တိုက်စစ်မှူးလေး ခိုင်လီယန် မက်ပီက သူ၏တွစ်တာပရိုဖိုင်ပုံကို ပြောင်းလဲခဲ့ရာတွင် "အဖိုးမဖြတ်နိုင်သော" ဆိုတဲ့ စာသားကို တင်ခဲ့ရာ သူ့အနေနဲ့ မိုနာကိုတွင်သာ ဆက်နေမည်ဆိုသည်ကို သွယ်ဝိုက်သောနည်းဖြင့် သတင်းပေးခဲ့ခြင်းဖြစ်သည်ဟူသော ယူဆချက်များကို အားကောင်းစေခဲ့သည်။ မက်ပီက အစောပိုင်းတွင် ရီးယဲလ်သို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားမှုရှိသည့် ပုံစံမျိုးပြသခဲ့သော်လည်း နောက်ပိုင်းတွင် လူငယ်ကစားသမား ပြုစုပျိုးထောင်မှု အစဉ်အလာကောင်းတဲ့ အာဆင်နယ်နှင့် ပူးပေါင်းလိုစိတ်ရှိကြောင်း သတင်းများ ထွက်လာခဲ့သည်။

မက်ပီကို ဥရောပအသင်းကြီးများက ခေါ်ယူရန် ချိတ်ဆက်နေကြပြီး ကမ်းလှမ်းထားတဲ့ အသင်းအတော်များများကလည်း ပေါင်သန်း ၁၀၀ အထက်နဲ့ချည်း ကမ်းလှမ်းထားရာ မက်ပီနှင့် မိုနာကိုအသင်းလမ်းခွဲမှုကို ယခုနှစ် နွေဈေးကွက်အတွင်းမှာပင် မြင်တွေ့ရဖွယ်ရှိတယ်လို့ ခန့်မှန်းနေကြခြင်းဖြစ်သည်။ မိုနာကိုအသင်းက မက်ပီကို လက်ရှိရရှိနေသော လုပ်ခလစာရဲ့ အဆ ၉၀၀ တိုးမြှင့်ပေးမယ်လို့ ကမ်းလှမ်းမှုပြုခဲ့တယ်ဆိုတဲ့ သတင်းများ ထွက်လာအပြီးတွင် ယခုကဲ့သို့ ပရိုဖိုင်ပုံကို ပြောင်းလဲတင်ခဲ့ခြင်းဖြစ်သည်။ မက်ပီက သူ၏ တွစ်တာစာမျက်နှာ ပရိုဖိုင်ပုံတွင် မိုနာကိုကွင်း စတိတ်ဒီလူးဝစ်ကွင်းအတွင်း ပြေးနေသည့် ပုံနောက်ခံတွင် "အဖိုးမဖြတ်နိုင်သော"ဟူသည့် စာသားကို ထည့်သွင်းဖော်ပြခဲ့တဲ့အတွက် ယင်းမှာ ရီးယဲလ်နှင့် အာဆင်နယ်ပရိသတ်များကို ခပ်ပါးပါး သတိပေးခဲ့ခြင်းဖြစ်တယ်ဆိုတဲ့ အကြောင်းအရာကို ဖြစ်ထွန်းစေခဲ့ခြင်းဖြစ်သည်။

မက်ပီမှာ ပြီးခဲ့သည့်နှစ်ဘောလုံးရာသီအစတွင် ထင်ရှားပေါ်လွင်ခြင်းမရှိသော်လည်း မန်စီးတီးအသင်းကို အနိုင်ယူခဲ့တဲ့ ပွဲစဉ်တွင် သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီးနောက် ဥရောပအသင်းကြီးများရဲ့ စောင့်ကြည့်ခံကစားသမားဘဝကို ချက်ချင်းလက်ငင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က မက်ပီကို အနာဂတ်ဂလက်စီကို ကစားသမားအဖြစ် သတ်မှတ်ထားသလို နည်းပြ ဇီဒန်းကလည်း မက်ပီ ရီးယဲလ်သို့ လာရောက်ပူးပေါင်းရေးအတွက် ဘီဘီစီ တိုက်စစ်အတွဲ (ဘေးလ်-ဘင်ဇီမာ-စီရိုနယ်လ်ဒို)တို့ထဲမှ တစ်ဦးကို ရောင်းချမည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။ ■




မေလဲ့သင်း
ရေးသားသည်

## ပြီးခဲ့သည့်ရာသီက မန်ယူအသင်း အောင်မြင်မှုမရရှိခဲ့ဟူသော ဝေဖန်မှုများကို ပေါ့ဘာ လက်မခံ

မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာက မန်ယူအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ကစားပုံမကောင်းခဲ့သော်လည်း ဖလားသုံးလုံးရရှိခဲ့သဖြင့် အောင်မြင်မှုမရှိဟုပြော၍ မရကြောင်း တုံ့ပြန်လိုက်သည်။ မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်အဆင့် (၆) နေရာသာ ရရှိခဲ့သော်လည်း ကွန်မြူနတီဖလား၊ အီးအက်ဖ်အယ်လ်ဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ရရှိခဲ့သည်။ ပေါ့ဘာက မန်ယူအသင်း ကောင်းကောင်း မကစားနိုင်ခဲ့သည်ဆိုသည့်အချက်ကို လက်သင့်ခံသော်လည်း အောင်မြင်မှုမရရှိခဲ့သည်ဟူသော သုံးသပ်မှုများကို လက်မခံနိုင်ကြောင်း တုံ့ပြန်သည်။

မန်ယူအသင်း၏ အောင်မြင်မှုအစဉ်အလာကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအတွက် အောင်မြင်မှုရှိသည်ဟု မသတ်မှတ်နိုင်သော်လည်း တကယ်တမ်းတွင် ဖလားသုံးလုံးရရှိခဲ့သည်ကို သတိပြုသင့်ကြောင်း ထောက်ပြခဲ့သည်။ မန်ယူသည် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ပေါ့ဘာအတွက် ကမ္ဘာ့စံချိန်တင်ကြေး ပေါင် ၈၉ သန်းကို အသုံးပြုခဲ့သလို အီဗရာဟီမိုဗစ်၊ ဘိုင်လီ၊ မစ်ခီတာယန်တို့ကဲ့သို့ ကစားသမားများကို ခေါ်ယူခဲ့ပြီး အောင်မြင်မှုရရှိရန် ကြိုးပမ်းခဲ့သော်လည်း ပေါ့ဘာ အပါအဝင် အဓိကကစားသမားများ ခြေစွမ်းပျောက်ဆုံးမှုက ပရီမီယာလိဂ် ချန်ပီယံအိပ်မက်ကို စောစောစီးစီး အဆုံးသတ်သွားစေခဲ့သည်။

မန်ယူနည်းပြ မော်ရင်ဟိုက ယူရိုပါလိဂ်ဖလားရယူပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရခြင်းက ပရီမီယာလိဂ်တွင် ဒုတိယနေရာဖြင့် ရာသီသိမ်းနိုင်ခြင်းထက် ပိုကောင်းသည့်ရလဒ်ဖြစ်ကြောင်း အေဂျက်စ်ကို အနိုင်ယူပြီး ယူရိုပါလိဂ်ဖလား ဆွတ်ခူးခဲ့သည့် ပွဲအပြီးတွင် ပြောကြားခဲ့သေးသည်။

# နောက်ဆုံးရ အပြောင်းအရွှေ့သတင်းများ

## မက်ပီလုပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်တဲ့ အာဆင်နယ်

အာဆင်နယ်အသင်းက တိုက်စစ်မှူး လာကာဇက်တီနှင့် လီမာတို့ကိုသာ ရရှိရန်ရေဆုံးရေဖျားအထိ ကြိုးပမ်းမည်ဖြစ်သဖြင့် မက်ပီရရှိရေး ကြိုးပမ်းမှုကို ဇွန်လမကုန်မီမှာပင် အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း မေးလ်အွန်လိုင်းက ဖော်ပြသည်။ နည်းပြ ဝင်းဂါးက အစောပိုင်းတွင် မက်ပီကို ခေါ်ယူလိုသည့် သတင်းများကို အတည်ပြုခဲ့ပြီး အာဆင်နယ်မှာ မက်ပီအတွက် ကောဇောနီခင်းကြိုဆိုမည့် တစ်ခုတည်းသော အသင်းဖြစ်ကြောင်း ဆိုခဲ့သေးသည်။ သို့သော် ယခုမူ လာကာဇက်တီနှင့် လီမာတို့အတွက် အရှိန်မြှင့်ကြိုးပမ်းရန်အတွက်ဟူသော အကြောင်းပြချက်ဖြင့် မက်ပီရရှိရေး ပြိုင်ပွဲအတွင်းမှ စောစောစီးစီးပင် နုတ်ထွက်လိုက်ခြင်းဖြစ်သည်။ ■

## လူကာကူထက် ဘာလော့တီကိုသာ ခေါ်ယူရန် ကြိုးပမ်းတော့မည့် ကွန်တီ

ချယ်လ်ဆီးနည်းပြ ကွန်တီက လူကာကူ၏ အပြောင်းအရွှေ့မှာ ခန့်မှန်းကာလထက် ကြန့်ကြာနေသဖြင့် ဒေါသထွက်နေပြီဖြစ်ရာ လူကာကူထက် တိုရီနိုတိုက်စစ်မှူး ဘာလော့တီကိုသာ ခေါ်ယူရန် ကြိုးပမ်းဖွယ်ရှိနေပြီဖြစ်ကြောင်း ဒေးလီးစတားက ဖော်ပြသည်။ ကွန်တီက အဆိုပါတိုက်စစ်မှူး နှစ်ဦးထဲမှ တစ်ဦးကို နှုန်းထားတူ ပေါင် ၈၅ သန်းဖြင့် ခေါ်ယူလိုသည်ဟု ပြောကြားထားရာ ချယ်လ်ဆီး နည်းစနစ်ဒါရိုက်တာ အီမန်နာလိုက ဘာလော့တီထက် လူကာကူကိုသာ ဦးစားပေးအဖြစ် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ လူကာကူနှင့် ချယ်လ်ဆီး အပြောင်းအရွှေ့မှာ အချိန်ကာလအတန်ကြာ သတင်းများထွက်ပေါ်နေခဲ့သော်လည်း ယခုထိ ဘာတစ်ခုမျှ ဖြစ်ဖြစ်မြောက်မြောက်မရှိသေးရာ ကွန်တီက ဘာလော့တီကိုသာ ကြိုးစားရန် အီမန်နာလိုကို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ■

## ဆန်းချက်ဇ်ကို ခေါ်ယူနိုင်မည်ဟု မန်စီးတီးအသင်း ယုံကြည်မှု အပြည့်ရှိ

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ် ဆန်းချက်ဇ်ကို ခေါ်ယူလိုတယ်လို့ အစောပိုင်းက သတင်းထွက်ခဲ့တဲ့ ဘိုင်ယန်မြူးနစ်က လက်လျှော့လိုက်ပြီဖြစ်ရာ ဆန်းချက်ဇ်လုပွဲတွင် မန်စီးတီးက ပြိုင်ဘက်မရှိ အနေအထားနဲ့ ဦးဆောင်လာခဲ့ပြီဖြစ်သည်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာမှာ ဆန်းချက်ဇ်ကို စီးရီးအေကလပ် အူဒီနီးစ်မှ ဘာစီလိုနာသို့ ခေါ်ယူခဲ့သူဖြစ်ပြီး ယခု မန်စီးတီးနည်းပြတာဝန်ကို ယူထားသည့်ကာလအတွင်း ပြိုင်ဘက်အသင်းတိုက်စစ်မှူးကို တရစပ် ချီးကျူးမှုပြုကာ သူ၏ စိတ်ဝင်စားမှုကို ပေါ်ပေါ်ထင်ထင်ပင် ပြသခဲ့သည်။

ဆန်းချက်ဇ်မှာ အာဆင်နယ်၏ လက်ရှိခြေအပေါ်ဆုံးကစားသမားဖြစ်ပြီး အာဆင်နယ်က တစ်ပတ်လုပ်ခ ပေါင် ၂၇၅၀၀၀ အပြင် လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် ပြန်လည်ရရှိမည်ဆိုပါက လစာ၏ ၂၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော် ဆန်းချက်ဇ်က ပရီမီယာလိဂ်ဖလား လက်မဲ့ရာသီ နှစ်များစွာဖြစ်ပေါ်နေတဲ့ အာဆင်နယ်ရဲ့ အနေအထားအပေါ် စိတ်ပျက်နေပြီး လစာနှုန်းထားထက် အာဆင်နယ်အသင်း ကစားသမား ခေါ်ယူအားဖြည့်ပေးမှုကို စောင့်ကြည့်ပြီးမှသာ သက်တမ်းတိုးစာချုပ်ကို လက်မှတ်ထိုးသင့်၊ မထိုးသင့် ဆုံးဖြတ်သွားဖွယ်ရှိနေသည်။ သတင်းရင်းမြစ်များ၏ အဆိုအရ ကွင်းလယ်လူ အိုဇေးလ်က အာဆင်နယ်တွင် ဆက်နေရန် ဆုံးဖြတ်ထားပြီးဖြစ်သော်လည်း ဆန်းချက်ဇ်ကမူ ယခုထိ ယတိပြတ်ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ မန်စီးတီးနည်းပြ ဂွါဒီယိုလာနှင့် ပုံမှန်အဆက်အသွယ်ပြုလုပ်နေကြောင်း သိရသည်။

သက်ကြီး ကစားသမားများပြားနေသည့် ဘိုင်ယန်က ရေရှည်စီမံကိန်း တည်ဆောက်ရန် ကြိုးပမ်းနေတာကြောင့် အသက်(၂၈)နှစ်အရွယ် ဆန်းချက်ဇ်ကို ခေါ်ယူရန် လက်လျှော့ခဲ့ရာ မန်စီးတီးအသင်းက သေချာပေါက်ခေါ်ယူနိုင်မည်ဟု ယုံကြည်လာခြင်းဖြစ်သည်။

## ဟာရဲရားကို ယခုနှစ် နွေဈေးကွက်အတွင်း ဘာစီလိုနာသို့ မန်ယူ ထုတ်ရောင်းမည်မဟုတ်

ဘာစီလိုနာ နည်းပြသစ် ဗယ်လ်ဗာဒီက မန်ယူကွင်းလယ်လူ ဟာရဲရားကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း မန်ယူအသင်းက ဟာရဲရားကို ယခုနှစ် နွေဈေးကွက်အတွင်း ရောင်းချရန် အစီအစဉ်မရှိကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် ကွင်းလယ်ပိုင်းအတွက် ပီအက်စ်ဂျီကွင်းလယ်လူ ဗာရက်တီကို ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားပြီး ဗာရက်တီအတွက် ကမ်းလှမ်းမှုကို ပီအက်စ်ဂျီက ငြင်းပယ်ပါက ဟာရဲရားမှာ ဘာစီလိုနာအသင်း၏ ဒုတိယဦးစားပေးပစ်မှတ်အဖြစ် ထည့်သွင်းခံထားရသူဖြစ်သည်။ စပိန်အားကစားသတင်းစာစောင်များက ဘာစီလိုနာသည် ပေါင် ၃၅ ဒသမ ၂ သန်း အသုံးပြုပါက ဟာရဲရားကို ရရှိနိုင်မည်ဟု ဖော်ပြနေကြသော်လည်း မန်ယူအသင်းက ပေါင်သန်း ၆၀ အထိ ကြေးခေါ်ခဲ့ကြောင်း သိရသည်။

## ဘုန်းမောက်အသင်းသို့ သုံးနှစ်စာချုပ်ဖြင့် တိုက်စစ်မှူး ဒီဖိုး ပြောင်းရွှေ့

ဆန်းဒါးလန်း တိုက်စစ်မှူး ဒီဖိုးမှာ ပရီမီယာလိဂ်ကလပ် ဘုန်းမောက်သို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် သုံးနှစ်စာချုပ်ချုပ်ဆို ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။ ဒီဖိုးမှာ ဆန်းဒါးလန်းအသင်း တန်းဆင်းဇုန်အတွင်း ကျရောက်နေကတည်းက သူ၏ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝအတွက် အသင်းပြောင်းနိုင်ကြောင်း အရိပ်အမြွက် ဆိုထားပြီးသူဖြစ်သည်။ ဒီဖိုးသည် ဆယ်ကျော်သက်အရွယ် ၂၀၀၁ ခုနှစ်က ဘုန်းမောက်အသင်းတွင် အငှားဖြင့်လာရောက်ကစားခဲ့ဖူးသူဖြစ်ရာ ဒီဖိုးအတွက် ဘုန်းမောက်သို့ တစ်ကျော့ပြန် ခြေချခြင်းလည်း ဖြစ်လာခဲ့သည်။ ဒီဖိုးက ဘုန်းမောက်သို့ ပြောင်းရွှေ့ခြင်းကို "တကယ်ကောင်းတဲ့ တစ်ကျော့ပြန်ခရီး"အဖြစ် အမည်တပ်ခဲ့သလို မန်နေဂျာကောင်း၊ ကစားသမားကောင်းများရှိနေတဲ့ ဘုန်းမောက်ကို ပြောင်းရွှေ့ရန် လွယ်လွယ်ကူကူပင် စဉ်းစားနိုင်ခဲ့ကြောင်း သူ့ဘက်က အာမခံပေးနိုင်သည့် တစ်ခုတည်းသောအရာမှာ သွင်းဂိုးများ သွင်းယူပေးနိုင်ရေးဖြစ်ကြောင်း ပြောကြားခဲ့သည်။

# မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂသို့ FLEGT-VPA လုပ်ငန်းစဉ်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေး

**တောင်ကြီး ဇွန် ၃၀**

တရားမဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးဟိုတယ်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

VPA လုပ်ငန်းစဉ်သည် သစ်ထုတ်လုပ်တင်ပို့မည့် Eh ၏ မိတ်ဖက်နိုင်ငံများမှ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး အဓိကလုပ်ဆောင်ရမည့် အဆင့်လေးဆင့်ရှိ၍ ပထမအဆင့်မှာ သတင်းအချက်အလက်ရယူခြင်းနှင့် ဘုံသဘောတူညီမှုတည်ဆောက်ခြင်း၊ ဒုတိယအဆင့်တွင် တရားဝင်ညှိနှိုင်းဆွေးနွေးခြင်း၊ တတိယအဆင့် အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စတုတ္ထအဆင့် လိုင်စင်ထုတ်ပေးခြင်းတို့ဖြစ်ပြီး ဥရောပနိုင်ငံများတွင် တရားမဝင် သစ်ထုတ်လုပ်ခြင်းနှင့် တရားမဝင် သစ်ကုန်သွယ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို လျှော့နည်းပပျောက်စေရန် လုပ်ငန်းစီမံချက် FLEGT Action Plan ကို Eh က ရေးဆွဲခဲ့၍ တရားဝင်သစ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို အားပေးသည့်အပြင် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်နိုင်သော စွမ်းရည်များတိုးတက်လာအောင် လုပ်ဆောင်စေခြင်းဖြင့် တရားမဝင် သစ်ခုတ်လှဲ ထုတ်လုပ်ခြင်းကို လျှော့ချနိုင်စေရန်နှင့် သစ်တောအုပ်ချုပ်မှုနှင့် ပတ်သက်၍ သက်ဆိုင်သူများ ပါဝင်ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ခြင်းဖြင့် လုပ်ငန်းစဉ်ကို တိုးတက်လာစေရန် ရည်ရွယ်ပါကြောင်း၊ ဥရောပ၏ FLEGT Action Planတွင် သစ်ထုတ်သောနိုင်ငံများအတွက် အထောက်အပံ့တစ်ခုဖြစ်စေရန်၊ တရားဝင်သစ်ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်စေရန်၊ တရားဝင်သစ် ဝယ်ယူရေးမူဝါဒ (Public Procurement Policy) ကို တိုးမြှင့်ဆောင်ရွက်စေရန်၊ ရွေ့ပြေးလုပ်ဆောင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍ(Private Sector)ကို အထောက်အပံ့ဖြစ်စေရန်၊ ငွေကြေးထောက်ပံ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လုံခြုံစိတ်ချရသော အစီအမံများ ဆောင်ရွက်ထားရှိလာစေရန်၊ ရှိပြီးသော (သို့) အသစ် ပြင်ဆင်ထားသော ဥပဒေများကို သက်ဝင်ကျင့်သုံးလာစေခြင်းဖြင့် FLEGT Action Planကို အထောက်ပံ့ ဖြစ်စေရန် မငြိမ်းချမ်းသော နေရာဒေသများမှ သစ်ထုတ်လုပ်မှုများ (Conflict Tigber) နှင့် ဆက်နွယ်သည့် ပြဿနာများကို ဖြေရှင်းနိုင်စေရန်စသည်တို့ကို အဓိကထား လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား မြန်မာ့သစ်လုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးညီညီထွန်းက ရှင်းလင်းတင်ပြပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မန္တလေးဗဟိုအကျဉ်းထောင်တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ အသိပညာပေး

**မန္တလေး ဇွန် ၃၀**

မန္တလေးဗဟိုအကျဉ်းထောင်တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ အသိပညာပေးလှုပ်ရှားမှုပြပွဲကို ဇွန်၂၉ရက် နံနက် ၉ နာရီက အကျဉ်းထောင်မောင်းထောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ခုခံကျနှင့်ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီးဒေါက်တာသန်းဝင်းက ခုခံကျရောဂါကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်ဆရာဝန်ကြီး ဒေါက်တာ ကောင်းမြတ်ထွန်းက သားဆက်ခြားခြင်း အကြောင်းကိုလည်းကောင်း ပညာပေးဟောပြောသည်။



ဆက်လက်၍ ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများသည် ကျန်းမာရေးအသိပညာပေးပွဲသို့ တက်ရောက်လာသော အကျဉ်းသူများကခုခံအားကျဆင်းမှု ကူးစက်ရောဂါပညာပေးပြသမှုများကိုကြည့်ရှုကြပြီး လေ့လာမှတ်သားမှုများအား ပြန်လည်ဖြေဆိုကာ တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများသည် အကျဉ်းဦးစီးဌာနဗဟိုအကျဉ်းထောင်အတွင်း ဖွင့်လှစ်ထားသော စာကြည့်တိုက်နှင့် စာဖတ်သူအခြေအနေအားကြည့်ရှုလေ့လာကြပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အကျဉ်းထောင်မှ သုံးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော အကျဉ်းသူ မရွှန်းလဲ့ဝေအား ဂုဏ်ပြုဆု ချီးမြှင့်သည်။

ထို့နောက် အကျဉ်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်နှင့် တာဝန်ခံ အရာရှိများ၊ မိသားစု စည်းရုံးရေးကော်မတီဝင်များ တက်ရောက်ကြကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အန္တရာယ်ရှိမင်းရဲမြောင်းဘေး သစ်သားပလက်ဖောင်းအား ကွန်ကရစ်ခင်းပြီး သံလက်ရမ်းများအသစ်တပ်ဆင်



**ကျောက်ဆည် ဇွန် ၃၀**

ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် ဇော်ဂျီမြစ်မှ ခွဲထွက်လာသောမင်းရဲမြောင်းတို့သည် ကျောက်ဆည်မြို့အတွင်းမှ ဖြတ်သန်းစီးဆင်းကြပြီး မြို့အလယ် ဒေါ်သိုက်ကြီးကွေ့အနီးတွင်ဆုံတွေ့ပြီး ကားလမ်းကျဉ်းမြောင်းသဖြင့် ကားလမ်းဘေးရှိ လူသွားပလက်ဖောင်းအား မင်းရဲမြောင်းဘေး ကျောက်ဆလန်နှုတ်ခမ်းပေါ်တွင် သစ်သားတိုင်စိုက်ပြီး သစ်သားခင်း၊ သစ်သားကာဖြင့် ဆောက်လုပ်ပေးထားခဲ့ရာ ယခုအခါတွင် အဆိုပါ သစ်သား ပလတ်ဖောင်းသည် နှစ်ကာလရှည်ကြာပြီး သစ်သားလက်ရန်းများယိုင်နဲ့ကာ အခင်းများသည်လည်းကွာသည့်နေရာကွာ၊ ပေါက်သည့်နေရာပေါက်နေ၍ လမ်းသွားပြည်သူများအတွက် အန္တရာယ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါ အန္တရာယ်ရှိ ပလတ်ဖောင်းအား မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၈၅ သိန်းဖြင့်လေးလက်မခွဲဒုရှိ ပေရှည် ၂၅၀ ကို သံတိုင်ထောက်နှင့် သံကူကွန်ကရစ်ခင်းပြီး သံလက်ရန်များ တပ်ဆင်ပေးလျက်ရှိရာ ရာခိုင်နှုန်းပြည့် ပြီးစီးသွားပါက ပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေပြီး စိတ်ချလုံခြုံမှုရှိစွာဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

# မင်းလှမြို့နယ် ညောင်ဝိုင်းကျေးရွာတွင် ရွှေ့လျားရေသန့်စင်စက်ဖြင့် သောက်သုံးရေများလှူဒါန်း

**မင်းလှ ဇွန် ၃၀**

သရက်ခရိုင် မင်းလှမြို့နယ် ညောင်ဝိုင်းကျေးရွာ သုံးရေကန်တွင် ဇွန် ၃၀ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်စက်ဖြင့် သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးတို့သည် ညောင်ဝိုင်းကျေးရွာအတွင်း သုံးရေကန်နှင့် သောက်သုံးနေသော ရေများအား သောက်သုံးရန်သင့်လျော်မှု၊ ရေတွင်ပါဝင်သည့် ဓာတ်သတ္တုများကို တိုင်းတာသည့်စက်ဖြင့် ကျေးရွာနေပြည်သူများအား သောက်သုံးရေနှင့်သုံးရေတို့ကို ခွဲခြားပြသပေးခဲ့ပြီး ရွှေ့လျားရေသန့်စင်စက်ဖြင့် သန့်ရှင်းသောသောက်သုံးရေများကို ကျေးရွာနေပြည်သူများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# အမျိုးသားအဆင့်သိပ္ပံနှင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းများဖတ်ကြား၊ ပထမအကြိမ်သိပ္ပံ၊ သုတေသနနှင့် နည်းပညာပြပွဲကျင်းပ

**မန္တလေး ဇွန် ၃၀**

ဒသမအကြိမ် အမျိုးသားအဆင့်သိပ္ပံနှင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပထမအကြိမ် သိပ္ပံ၊ သုတေသနနှင့် နည်းပညာပြပွဲကိုဇွန် ၂၉ ရက် နံနက် ၉ နာရီက မန္တလေးနည်းပညာတက္ကသိုလ်ပင်မဆောင်ရှေ့၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်း၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးဦးမျိုးသစ်တို့ တက်ရောက်အားပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒသမအကြိမ်အမျိုးသားအဆင့်သိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပထမအကြိမ် သိပ္ပံ၊ သုတေသနနှင့် နည်းပညာပြပွဲအား ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ မန္တလေးနည်းပညာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာဆင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသော နည်းပညာပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

စာတမ်းဖတ်ပွဲတွင် နည်းပညာဘာသာရပ် ၁၁ ခုမှ သုတေသနစာတမ်း ၁၈၉ စောင်အား ဖတ်ကြားမည်ဖြစ်သည်။ ပြပွဲတွင် နိုင်ငံခြားတက္ကသိုလ်များမှ မိတ်ဆက်အစီအစဉ်များ၊ သိပ္ပံနှင့် နည်းပညာအတွေ့အကြုံဖလှယ်သည့် အစီအစဉ်များ၊ နည်းပညာတက္ကသိုလ် မြို့ပြနှင့် ဗိသုကာဌာနများမှ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု သုတေသနလုပ်ငန်းများ၊ အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်းပြခန်းများ ပါဝင်ပြသထားသည်။

သိပ္ပံနှင့် အင်ဂျင်နီယာနည်း ပညာဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ကုန်ထုတ်လုပ်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဒေသနှင့် ကိုက်ညီသော သိပ္ပံနှင့် အင်ဂျင်နီယာ နည်းပညာဆိုင်ရာ အသိပညာ၊ နည်းပညာများအား သုတေသနမှတစ်ဆင့် ဖော်ထုတ်နိုင်ရေး၊ သုတေသနမှသည် ဒေသဖွံ့ဖြိုးရေးဆီသို့ ရည်မှန်းချက်ထားကာ စာတမ်းဖတ်ပွဲနှင့် ပြပွဲကို ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့က ကျင်းပခဲ့ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# လူနေအိမ်နှင့် သက်တမ်းရင့်သစ်ပင်ကြီးများကိုကာကွယ်နိုင်ရန် မြေထိန်းနံရံတည်ဆောက်သင့်



**မင်းလှ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့ တောင်ရပ်ကွက် အမှတ်(၃)တွင် နှစ်စဉ်နှစ်တိုင်း ဧရာဝတီမြစ် ရေတက်ချိန်များ၌ ရပ်ကွက်အတွင်းသို့ရေဝင်ကာ လမ်းများပျက်စီးခြင်း၊ မြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းနားရှိ သက်တမ်းရင့် သစ်ပင်ကြီးများ နှစ်စဉ်မျောပါခြင်းတို့ ဖြစ်ပေါ်နေသည့်အတွက် မြေထိန်းနံရံ လိုအပ်နေပြီး အမြန်တည်ဆောက်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

“ကျွန်တော်တို့ရပ်ကွက်မှာ မြေထိန်းနံရံ မရှိတော့ ကျွန်တော်တို့ငယ်ငယ်ကကစားခဲ့တဲ့ မြက်ခင်းစိမ်းစိမ်းကြီးလည်း မရှိတော့တဲ့အပြင် ပြည်သူ့ဆေးရုံအဟောင်း ကမ်းနားဘက်မှာလည်း အင်္ဂလိပ်ခေတ်ကလုပ်သွားတဲ့ ကျောက်ချပ်ကြီးတွေလည်း မရှိတော့ဘူး။ အဲဒီကမ်းနားဘက်မှာ သက်တမ်း ၁၅၀ ကျော်တည်ရှိခဲ့တဲ့ ကုက္ကိုပင် ၁၅ ပင်ကလည်း ငါးပင်ပဲကျန်တော့တယ်။ ရေတိုက်စားတဲ့ နောက်ပါသွားလို့ ကုန်သလောက်ရှိနေပြီ” ဟု အသက် (၆၀) နှစ်ကျော် ဒေသခံ ဦးသောင်းလှိုင်က ပြောသည်။

တောင်ရပ်ကွက်၊ ကမ်းနားတန်းတွင် အိမ်ခြေ ၃၀ ကျော်ရှိပြီး လူနှင့် လူနေအိမ်များ၊ သက်တမ်းရင့်သစ်ပင်ကြီးများ အန္တရာယ်ကင်းဝေးစေရေးအတွက် မြေထိန်းနံရံ တည်ဆောက်ပေးရန် လိုအပ်နေမှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြသွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မီဒီယာသည် အစိုးရ၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အပြုသဘောဖြင့် မီးမောင်းထိုးပြခြင်းမျိုးဖြစ်စေလို

**ပဲခူး ဇွန် ၃၀**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သိရှိစေရန်အတွက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မီဒီယာသည် အစိုးရ၏ လုပ်ငန်း ဆောင်ရွက်ချက်များအပေါ် အပြုသဘောမျိုးဖြင့် မီးမောင်းထိုးပြခြင်းမျိုး ဖြစ်စေလိုကြောင်း၊ မိမိတို့ အစိုးရသည် တစ်နှစ်တာကာလအတွင်း အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် စိန်ခေါ်မှုများ ရှိနေခြင်းကြောင့် အားနည်းချက်များ ရှိခဲ့သော်လည်း ယနေ့အချိန်အထိ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ တောင်ငူမြို့ ပညာရေးကောလိပ်၌ အမျိုးသား အဆင့်ဒေသအလိုက် နိုင်ငံရေးဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျပ်သိန်း ၅၀၀ နှင့်အထက် တည်ဆောက်ရေးလုပ်ငန်းများကို Bago Regional Construction Control Authority (BRCCA) ပဲခူးတိုင်းဒေသကြီး တည်ဆောက်မှု ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းပြီး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြောကြားသည်။ ထို့နောက် တက်ရောက် လာကြသည့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက အသီးသီး ပြန်လည်ဖြေကြားပေးခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် သတင်းဌာနအသီးသီးမှ မီဒီယာများ စုစုပေါင်း ၇၃ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Website (www.bagoregion.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# မြို့ပြစီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**လွိုင်ကော် ဇွန် ၃၀**
ကယားပြည်နယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် မြို့ပြစီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက မြို့ပြစီမံကိန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ကယားပြည်နယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် မြို့ပြစီမံကိန်းများအား လွိုင်ကော်မြို့နယ်တွင် ၅၅ ဒသမ ၈ သန်း၊ ဒီးမော့ဆိုမြို့နယ်တွင် ၆၈ ဒသမ ၆၅၇ သိန်း၊ ဖရူဆိုမြို့နယ်တွင် ၇၇ သန်း၊ ရှားတောမြို့နယ်တွင် ၇၀ ဒသမ ၂၅ သန်း၊ ဘောလခဲမြို့နယ်အတွက် သန်း ၅၀၊ ဖားဆောင်းမြို့နယ်တွင် ၆၅ ဒသမ ၇၉၃ သန်း၊ မယ်စဲ့မြို့နယ်တွင် ၆၇ သန်း၊ ရှာသစ်မြို့နယ်တွင် ၄၅ ဒသမ ၅ သန်း စုစုပေါင်း ကျပ်သန်း ၅၀၀ ဖြင့် ဆောင်ရွက်သွားရန် စီမံလျာထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တာမွေဓမ္မစိန္တာလမ်း(အောက်လမ်း) ရှုပ်ထွေးဆားဖစ်ကြိုးများရှင်းလင်း

**တာမွေ ဇွန် ၃၀**
ရန်ကုန် အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်အင်ဂျင်နီယာတို့ကြီးကြပ်၍ ဇွန် ၂၉ ရက် နံနက်က တာမွေမြို့နယ် ပုသိမ်ညွန့် စံပြရပ်ကွက် ဓမ္မစိန္တာလမ်း (အောက်လမ်း)ရှိ တိုက်(၄၁)တိုက် အခန်း(၂၇၈)ခန်းမှ ရှုပ်ထွေးပြီး အန္တရာယ်ရှိသည့် လျှပ်စစ်ဆားဖစ်ကြိုးများအား ရှင်းလင်းကာ စနစ်တကျရှိစေရေးဆောင်ရွက်ပေးခဲ့ကြသည်။

"ဌာနကနေပြီး လိုအပ်တဲ့လျှပ်စစ်ဓာတ်တိုင်တွေနဲ့ ဆက်စပ်ပစ္စည်းတွေကို စိုက်ထုတ်အကုန်အကျခံ ဆောင်ရွက်ပေးတာပါ။ မိဘပြည်သူတွေက လျှပ်စစ်ဓာတ်တိုင်ကိုသွယ်တန်းဖို့ ကေဘယ်ကြိုးနဲ့ ဆက်စပ်ပစ္စည်းတွေကို အကုန်အကျခံရမှာဖြစ်ပါတယ်" ဟု တာမွေ မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်ဆန်းက ပြောသည်။

"ရှုပ်ထွေးနေတဲ့ ဆားဖစ်ကြိုးတွေ ရှင်းလင်းဆောင်ရွက်ပေးလို့ လမ်းမိသားစုကိုယ်စား ကျေးဇူးတင်ပါတယ်။ ကြိုးတွေက ဟောင်းနွမ်းပြီး သက်တမ်းကုန်နေတဲ့အတွက် အန္တရာယ်ရှိပါတယ်။ မရှင်းမီက လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ မရရှိပါဘူး။ ယခုလို ရှင်းလင်းပြီးရင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိ တော့မှာပါ"ဟု လမ်းသာယာရေး ဥက္ကဋ္ဌ ဦးညွန့်လွင်ကပြောသည်။



ရှုပ်ထွေးဆားဖစ်ရှင်းလင်းရာသို့ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းမြင့်နှင့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးထွန်းထွန်းဆွေနှင့်တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာဦးစံငွေးနှင့် ခရိုင်အင်ဂျင်နီယာ ဦးသန်းထွန်းအေးတို့ လာရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါလုပ်ငန်း၌ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်တိုင်နှင့်ဆက်စပ်ပစ္စည်းတန်ဖိုး ၂၈ သိန်းကျပ် အကုန်အကျခံကာ မိဘပြည်သူများက ကေဘယ်ကြိုးနှင့် ဆက်စပ်ပစ္စည်းတန်ဖိုး ငွေကျပ် ၃၇ သိန်း ပံ့ပိုး၍ ဆောင်ရွက်ခဲ့ကြပြီး အခြားရပ်ကွက်များကိုလည်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်)**

# ရေတာရှည်မြို့နယ်၌ မိုးရာသီစပါးစိုက်ပျိုးသည့်တောင်သူများ ထွန်စက်စီးရေ နည်းပါးမှုအခက်အခဲဖြစ်ပေါ်

**ရေတာရှည် ဇွန် ၃၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးရာသီစပါးစိုက်ပျိုးမည့်တောင်သူများသည် ရာသီဥတုကို စောင့်ကြည့်၍ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိရာ လက်ရှိထွန်ယက်စိုက်ပျိုးချိန်၌ လယ်ယာသုံးထွန်စက်ငှားရမ်းသုံးစွဲမှုအခက်အခဲများနှင့်ကြုံတွေ့နေကြရသည်ကို တွေ့ရှိရသည်။

ရေတာရှည်မြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာနတွင် ထွန်စက်စီးရေ ၁၀ စီး၊ တောင်သူပိုင် ၇၉ စီး၊ လက်တွန်းထွန်စက် ၂၁၀၀ ကျော်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုလဆန်းပိုင်းမှစတင်၍ အဆက်မပြတ် ရွာသွန်းခဲ့သည့်မိုးကြောင့် စိုက်ပျိုးမည့် လယ်မြေများရေများပြည့်လျှံမှုကြောင့် ထွန်ယက်စိုက်ပျိုးရန် ရေအကျကိုစောင့်ဆိုင်းကြရပြီး ယခုမိုးပြတ်သွားသည့်ရက်ပိုင်းအတွင်း နေပူချိန်ကြောင့် ရေပြတ်လပ်မှုကြုံနေကြရသည့်အတွက် လုပ်ငန်းခွင်၌ အခက်အခဲများစွာကြုံတွေ့နေကြရခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# သက်တမ်းကာလပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ချီးမြှင့်ငွေပေးအပ်

**ကျောင်းကုန်း ဇွန် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ အေးချမ်းသာယာခန်းမ၌ သက်တမ်းကာလပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က သက်တမ်းကာလပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၃၇ ဦးအား တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် ၂၄၅၀၀၀ ဖြင့် စုစုပေါင်း ကျပ်သိန်း ၉၀ ကျော်ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင်နှင့် ရဲစခန်းများအား လှည့်လည်စစ်ဆေး

**မြောင်းမြ ဇွန် ၃၀**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးမျိုးညွန့်သည် ဧရာဝတီတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်၊ မြောင်းမြခရိုင်တရားသူကြီးတို့နှင့်အတူ မြောင်းမြအကျဉ်းထောင်၊ မြောင်းမြ(မြို့မ)ရဲစခန်း၊ ဝါးခယ်မမြို့မ ရဲစခန်း၊ အိမ်မဲမြို့မရဲစခန်းတို့ကို ဇွန် ၂၉ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများ၊ အချုပ်တရားခံများအား ဥပဒေပါအခွင့်အရေးရရှိမှု ရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# ကျောင်းသုံးသဒ္ဒါအရေးနောက်ဆက်တွဲ

စောလူ

မြန်မာစာသင်ကြားရေးမှာ ကလေးတွေ ပျော်ပျော်ရွှင်ရွှင် အကျိုးရှိရှိ သင်ယူခွင့် လမ်းပွင့်စေချင်လို့ "ကျောင်းသုံးမြန်မာသဒ္ဒါအရေး"ဆိုပြီး ဆောင်းပါးတစ်စောင် ကြေးမုံသတင်းစာမှာ ၂၀၁၆ ခုနှစ်ထဲက ရေးဖူးပါတယ်။ လက်ရှိ အသုံးပြုနေတဲ့ သဒ္ဒါစာအုပ်တွေ ထိရောက်မှုရှိ မရှိ စနစ်တကျစူးစမ်းသင့်တဲ့အကြောင်း နှိုးဆော်ခဲ့တာပါပဲ။ အဲဒီလို နှိုးဆော်ရတာက အကြောင်းမဲ့ မဟုတ်ပါဘူး။ ပို့ချသူ ဆရာဆရာမတွေ ဆီကရော၊ သင်ယူရသူ ကျောင်းသား ကျောင်းသူတွေဆီကရော ကျောင်းသုံးသဒ္ဒါကျမ်းတွေနဲ့ပတ်သက်လို့ ညည်းသံညူသံ ကြားရလို့ပါ။ ညည်းတဲ့ညူတဲ့အခါ အများအားဖြင့် ကြားရတဲ့ အကြောင်းပြချက်နှစ်ခုရှိပါတယ်။ တစ်ခုက သင်ပေးရ သင်ယူရတာ ငြီးငွေ့စရာကောင်းတယ်ဆိုတဲ့ အချက်။ နောက်တစ်ခုက ကျောင်းသုံးသဒ္ဒါတွေသင်ရလို့ ဘာမှ ထူးထူးခြားခြား တတ်မလာဘူးဆိုတဲ့အချက်။ ဒီဝေဒနာနှစ်ရပ်ကို သက်ဆိုင်ရာ တာဝန်ရှိသူတွေ ကုစားပေးကြစေချင်လို့ "ကျောင်းသုံးသဒ္ဒါအရေး" ရယ်လို့ စာတစ်တန် ပေတစ်တန်ရေးမိသားမိတာပါ။

ဒါပေမယ့် ကျောင်းသုံးသဒ္ဒါသင်ကြားရေးနဲ့ ပတ်သက်လို့ တာဝန်ရှိသူရယ်လို့ တစ်ဖွဲ့တစည်း တစ်ယောက်တလေမှ မရှိကြလို့ပဲလား၊ ဘာဆက်လုပ်ရမှန်း မစဉ်းစားတတ်လို့ပဲလား၊ တခြားတခြား အများမသိနိုင်တဲ့ အကြောင်းအကြောင်းတွေကြောင့်ပဲလား ဘယ်သူကမှ ဘယ်လိုမှ အရေးတယူ ဆောင်ရွက်တာ မမြင်ရ၊ မကြားရပါဘူး။ ဒါပေမယ့် ကိုယ်စမိတဲ့ ဇာတ်လမ်းကိုယ်ပဲ ဆက်ကရတော့မှာပေါ့။ ကျောင်းတွေမှာ မြန်မာသဒ္ဒါသင်ကြားရေး တိုးတက်အောင်၊ တစ်နည်းအားဖြင့် ပို့ချသူ၊ သင်ယူသူ ပျော်ပျော်ရွှင်ရွှင်နဲ့ အကျိုးကျေးဇူးများတဲ့ သင်ရိုးတစ်ခု ဖြစ်လာအောင် ဘယ်လိုလုပ်ရကောင်းမလဲဆိုတာ ဉာဏ်တစ်မိုက် တစ်ထွာနဲ့ လက်တံမီသမျှ ဆက်အဆိုပြုရတော့မှာပဲ။

### ပျော်အောင်သင်ဖို့

သဒ္ဒါသင်ပေးရ သင်ယူရတယ်ဆိုတာ ဆရာရော ကျောင်းသားအတွက်ရော လွယ်တဲ့ အလုပ်မဟုတ်ပါဘူး။ ဒါက နာမ်၊ ဒါက ကြိယာ၊ နေ့စဉ်ဘဝ ဘယ်နေရာမှာ သွားအသုံးချရမှန်းမသိတဲ့ဟာတွေ ဆရာကပြော၊ ကျောင်းသားက နားထောင်၊ ကြာတော့ ဆရာလည်း မော၊ ကျောင်းသားလည်း အိပ်ငိုက်၊ မငိုက်ရင် နားထောင်ရင်းက စိတ်က ဟိုပြေးဒီလွှားဖြစ်။ သဒ္ဒါသင်ကြားရေး ခရီးက တကယ့်ကို ရင်မောစရာ။

ဒီလောက်ခက်တော့ ဆရာတွေက လွယ်အောင်နည်းအမျိုးမျိုးကြံဆကြတာပေါ့။ တချို့က နမူနာဝါကျတွေ ထုတ်ပြတဲ့အခါ ရယ်စရာမောစရာဝါကျတွေ ဖန်တီးပြကြ။ တချို့က နာမ်ဆိုတာ ဘာ၊ ကြိယာဆိုတာ ဘာ အဖွင့်တွေကို ကဗျာဖွဲ့လို့ တေးဖွဲ့လို့ ကျက်ခိုင်း၊ မှတ်ခိုင်းကြ၊ တချို့ကကျ ပြဋ္ဌာန်းစာအုပ်ထဲက စကားတစ်လုံးကို အကြောင်းပြုပြီး အမူအရာ လုပ်ပြကြ၊ မဒ္ဒရာဇ်တိုင်းဆိုတဲ့ စကားလုံးကိုတွေ့တော့ မဒ္ဒရာဇ်ဆိုတာ ဒါကွဲ့ဆိုပြီး ချာချာလှည့်ပြလိုက်ရတာကရှိသေး။ မဒ္ဒရာဇ်ဆိုတာ မူးတယ်ဆိုတဲ့ အဓိပ္ပာယ်ဆောင်တာကိုး။ ကလေးတွေ ပျော်မှပျော်စေတော့ရယ်လို့ ကျောင်းဆရာတွေမှာ ကြိုးစားရရှာတာ။

ဒီပြဿနာဟာ ကိုယ့်မြန်မာမှာ ရှိတဲ့ ပြဿနာမဟုတ်ပါဘူး။ နိုင်ငံတကာက ကြုံရတတ်တဲ့ ပြဿနာ။ အမေရိကမှာလည်း ကြုံရဖူးတာပဲ။ သဒ္ဒါသင်ရ တာသွားနုတ်ရ သလိုပဲလို့ အသည်းအသန်ခံစားရတာကို ပေါက်ပေါက်ရှာရှာ ပုံခိုင်းတဲ့ဆရာက ရှိသေးတယ်။ ဒါကတော့ နည်းနည်းပိုလွန်းတယ်ထင်ပါရဲ့။ ပိုလွန်းတာ မပိုလွန်းတာ အသာထား။ ပြဿနာရှိလာတော့ ပြဿနာကို ဖြေရှင်းဖို့ သူတို့ထုံးစံအတိုင်း နည်းလမ်းရှာကြတာပေါ့။ ခက်နေရင် လွယ်သွားအောင်၊ ကြမ်းနေရင် ချောသွားအောင် တီထွင်ကြံဆတာက သူတို့အကျင့်လို ဖြစ်နေတာကိုး။ တချို့များဆို "သဒ္ဒါသင်ရာ ကစမ်းပါ"ဆိုတဲ့ အစီအစဉ်တွေအထိ ဖန်တီးကြတာ။ ကရင်းသဒ္ဒါသင် သဒ္ဒါသင်ရင်း ကကြတာပေါ့။ ဆရာတွေပျော်၊ ကလေးတွေပျော်၊ တတ်စေချင်တာ ပျော်ပျော်ကြီးတတ်သွားကြတာ တွေ့နိုင်ပါတယ်။ ဒါက သင်ကြားရေးမှာ တီထွင်တာ၊ နည်းစနစ်ရှာတာ၊သင်ကြားနည်းနဲ့ဆွဲဆောင်တာ။

အခု ဒီမှာတော့ပျော်အောင်သင်ကြားနည်းတွေ အကြောင်း မဆွေးနွေးသေးပါဘူး။ စာအုပ်ပြုစုတဲ့အခါ ပျော်စရာကောင်းတဲ့ သဒ္ဒါစာအုပ်၊ သင်ရတဲ့ ကလေးတွေ အကျိုးရှိမယ့် သဒ္ဒါစာအုပ် ပြုစုဖို့ ဆွေးနွေးချင်တာ။

### အကျိုးရှိအောင်သင်ဖို့

အကျိုးရှိအောင်သင်ဖို့မပြောခင် ဒီနှစ်တက္ကသိုလ်ဝင်တန်း မြန်မာစာသဒ္ဒါမေးခွန်းထဲက ခိုင်းထားတာ တချို့ကို ပြန်သုံးသပ်ကြည့်စေချင်ပါတယ်။ ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသနသုံးမျိုးအကြောင်းတို့၊ ဝိဘတ်သွယ်ပုံ ငါးမျိုးအကြောင်း တို့ ရေးရမယ့် အလုပ်တစ်ခုပါပါတယ်။ နောက်ပြီး"ပေါ့လေ၊ နည်း၊ လဲ"စတဲ့ သဒ္ဒါစကားလုံးတွေကို ပေးထားပြီး ဘာပစ္စည်းဖြစ်တဲ့အကြောင်း ဖော်ပြဖို့ခိုင်းပါတယ်။ အဲဒီအလုပ်တွေက ဘဝမှာ ဘယ်လောက်များ အရေးကြီးလို့ပါလဲ။ ဘဝ မပြောပါနဲ့ မြန်မာစာအရေးအသားကိစ္စမှာရော အဲဒါတွေ သိဖို့က ဘယ်လောက်အရေးပါလို့လဲ။ ဒီလိုအမေးအဖြေလုပ်နေတာဟာ မြန်မာစာအရေးအဖတ်အတတ်ပညာတိုးတက်ရေးမှာ ဘယ်လောက် အထောက်အကူပြုလို့လဲ။ အခုလို စောဒက တက်နေတာဟာ စာမေးပွဲမေးခွန်းထုတ်သူကို အပြစ်တင်နေတာ ရန်လုပ်နေတာ မဟုတ်ပါဘူး။ အရင့်အရင် စာမေးပွဲတွေမှာက ဒါမျိုးထုတ်ခဲ့တာတစ်ကြောင်း၊ အဲဒါတွေပဲ စာသင်နှစ် တစ်နှစ်လုံး ကလေးတွေ သင်ခဲ့ရတာတစ်ကြောင်း ထုတ်သူခမျာ ဒီလိုပဲ ထုတ်ရတာပေါ့။ မေးသူအပြစ်မဟုတ်ပါဘူး။ ဒီလိုမှမမေး ဘယ်လိုမေးမလဲ။ တကယ်ကျ ဒီလိုမေးရတာ ပြဋ္ဌာန်းထားတဲ့ သဒ္ဒါစာအုပ်ကြောင့် မေးရတာ။ ပြဋ္ဌာန်းထားတဲ့သဒ္ဒါက တရားခံ။

ဒီနှစ်မေးခွန်းက တော်သေးတယ်။ တချို့နှစ်မေးခွန်းတွေမှာဆို နာမ်က ဘာ၊ ပစ္စည်းက ဘာ စသည်ဖြင့် မေးတတ်သေးတယ်။ နာမ်ဆိုသည်မှာ ဘာဘာညာညာ၊ ပစ္စည်းက ဘာဘာညာညာ ပြဋ္ဌာန်းသဒ္ဒါ စာအုပ်ထဲမှာ ရေးပြထားသမျှ ကလေးတွေခမျာ အာပေါက်အောင် ကျက်ရရှာတာ။ ဒါပေမယ့် အဲဒီလို အာပုတိုက်ထားတဲ့စာတွေ ဘယ်နေရာ သွားသုံး မလဲဆိုတော့ သုံးစရာကမရှိဘူး။ စာမေးပွဲ ဖြေပြီး ပြီးရော။ ဒီလိုနဲ့ ကိုယ့်ကလေးတွေ "အာသာပူ ဘယ်သူမှ သဒ္ဒါမတတ်" ဖြစ်ခဲ့တာ နှစ်တွေ ဘယ်လောက်ကြာပလဲ။ သဒ္ဒါစာအုပ်တွေ စပြဋ္ဌာန်းခဲ့တဲ့ နှစ်သုံးဆယ်လောက်ကတည်းကလို့ ပြောရင် မလွန်ဘူး ထင်ပါတယ်။ အချိန်တွေ ခွန်အားတွေ နှမြောစရာ။

ဒီလိုပဲ သူများနိုင်ငံတွေမှာလည်း မထူးပါဘူး။ "သဒ္ဒါသင် စာမတတ်" ကြတဲ့အဖြစ်တွေ ကြုံကြရတာပါပဲ။ မိခင် ဘာသာရင်းသင်ရာမှာဖြစ်ဖြစ်၊ နိုင်ငံခြားဘာသာသင်ရာမှာဖြစ်ဖြစ်၊ သဒ္ဒါသင်ရိုးတွေတော့ ကုန်ပါရဲ့။ ဘာသာစကားအထူးသဖြင့် နိုင်ငံခြားဘာသာစကားကို တကယ်တမ်း အသုံးချရတော့မယ်ဆိုရေးတဲ့အခါ လက်က တွန့်ဆုတ်တွန့်ဆုတ်။ ပြောတဲ့အခါ လျှာက မလှုပ်တလှုပ်။ အင်္ဂလိပ်သဒ္ဒါစာအုပ်တွေ ညက်ညက်ကျေအောင် ဝါးမျိုပြီး ဘာမှမဘာခဲ့တဲ့ ကိုယ့်လိုပဲ သူတို့လည်း ကြုံခဲ့ရတာပါ။ ဒီတော့ ရေးလည်း သွက်သွက်လက်လက်၊ ပြောလည်း ချက်ချက်ချာချာဖြစ်အောင် ဘာလုပ်ကြမလဲ။ သူတို့ကတော့ ပြဿနာရှိရင် ပြဿနာရဲ့ အဖြေကို ရှာတဲ့အကျင့် ရနေပြီ မဟုတ်လား။ ဒီလိုရှာတဲ့အခါ ရှေးကသဒ္ဒါကျမ်းတွေနေရာမကျတာ သတိထားမိတာပေါ့။ ရှေးဟောင်းသဒ္ဒါကျမ်းတွေနေရာမှာ သဒ္ဒါကျမ်းသစ်တွေ အစားထိုးတော့တာပေါ့။

ပညာရေးရည်ရွယ်ချက်အပြင် စီးပွားရေးရည်မှန်းချက်ကပါတော့ အကောင်းဆုံးဖြစ်အောင် သူ့ထက်ငါ ကြိုးစားလိုက်ကြတာ။ ဆရာရော ကျောင်းသားပါ ပျော်ပျော်ရွှင်ရွှင်လည်း သင်နိုင်အောင် သင်ပြီး အရေးအသား အတတ်ပညာ အဖတ်တင်အောင် ကြံဆပြုစုထားတဲ့သဒ္ဒါကျမ်းတွေရှိနေပါပြီ။ သဒ္ဒါသင်ရင်းက စာအရေးအသားတိုးတက်ရုံတင်မဟုတ်ဘူး အတွေးအခေါ်ပါ အဆင့်မြှင့်ပေးနိုင်မယ့် သဒ္ဒါကျမ်းတွေ ရှိနေပါပြီ။

ဆရာ ကျောင်းသားလည်း ပျော်ရရွှင်ရ၊ စာသင်သားတွေလည်း သင်ရကျိုးနပ်မယ့် သဒ္ဒါကျမ်းတွေ သူတို့ ဘယ်လို ပြုစုကြသလဲ။ ဘယ်လိုကျမ်းတွေ ရှိသလဲ။ ပြုစုကြတဲ့ သဒ္ဒါကျမ်းတွေက အများကြီးဆိုတော့ စုံတကာစေ့အောင် ဘယ်ပြောပြနိုင်ပါ့မလဲ။ အမြည်းသဘော ပဲဆိုပါတော့။

### လှုပ်ကာရှားကာ အခြေခံသဒ္ဒါ

စာအုပ်တစ်အုပ်က Basic Grammar in Action တဲ့။ လှုပ်ကာရှားကာ အခြေခံသဒ္ဒါလို့ ဘာသာပြန်လိုက်မိရဲ့။ ရှေးရိုးနည်းအတိုင်း သင်တာမဟုတ်ဘဲ ကျောင်းသားနဲ့ဆရာ လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ ပူးပေါင်းအလုပ်လုပ်ကြရင်း သဒ္ဒါတတ်သွားအောင် စီစဉ်ပြုစုထားတဲ့စာအုပ်ပါ။ ဒီစာအုပ်က ဘာတွေကောင်းသလဲဆိုတော့ ကောင်းတာတွေ အများကြီး။ ဒါပေမယ့်ကိုယ့် ကျောင်းသုံးသဒ္ဒါစာအုပ်နဲ့မတူတာ သုံးခုလောက်ပဲ ပြလိုက်ပါရစေ။

> မူလတန်းကလေးတွေအတွက် အခြေခံထားတာ။ ရုပ်ပုံကြိုက်တဲ့ ကလေးတွေအတွက် ဆွဲဆောင်အားကောင်းတဲ့ စာအုပ်ဖြစ်နေတာပါ။ စာမဖတ်ချင်တောင် အရုပ်တွေပါလို့ ကောက်ကိုင်ပြီးတော့ ဟိုလှန်ဒီလှန်ကြည့်။ နောက်တော့ ဘာတွေပါလိမ့် ဖြစ်လာ။ သိချင်တော့ စာအုပ်ထဲက စာတွေ ဖတ်ချင်လာ။ ကိုယ့်ဆီက အတန်းတွေထဲမှာ သုံးနေတဲ့ ကျောင်းသုံး သဒ္ဒါဆိုတာက ဘာအရုပ်မှမပါ။

တစ်က ရုပ်ပုံတွေပါတယ်။ ဒီစာအုပ်က တကယ့် အခြေခံစာအုပ်။ မူလတန်းကလေးတွေအတွက် အခြေခံထားတာ။ ဒီတော့ ရုပ်ပုံကြိုက်တဲ့ကလေးတွေအတွက် ဆွဲဆောင်အားကောင်းတဲ့စာအုပ်ဖြစ်နေတာပါ။ စာမဖတ်ချင်တောင် အရုပ်တွေပါလို့ ကောက်ကိုင်ပြီးတော့ ဟိုလှန်ဒီလှန်ကြည့်။ နောက်တော့ ဘာတွေပါလိမ့် ဖြစ်လာ။ သိချင်တော့ စာအုပ်ထဲက စာတွေ ဖတ်ချင်လာ။ ကိုယ့်ဆီက အတန်းတွေထဲမှာ သုံးနေတဲ့ ကျောင်းသုံးသဒ္ဒါဆိုတာက ဘာအရုပ်မှမပါ။ ပြောင်ပြောင်ရှင်းရှင်း။ ဣန္ဒြေကြီးကြီး။

နှစ်က တကယ့်ဘဝကို အခြေခံတဲ့ အကြောင်းအရာတွေကို မူတည်ပြီး သင်ခန်းစာ ဖွဲ့ထားတာ။ သင်ခန်းစာ (၂) က စာသင်ခန်းတစ်ခန်းကို အခြေခံတယ်။ သင်ခန်းစာ ၃ က မိသားစုအကြောင်း အခြေခံတယ်။ ဒီလိုနဲ့ အိမ်အကြောင်း၊ မြို့ထဲကအကြောင်း၊ဈေးအကြောင်း ပိုက်ဆံအကြောင်း စသည်ဖြင့် နေ့စဉ်ဘဝနဲ့ မကင်းရာမကင်းကြောင်း အချက်အလက်တွေကို အခြေခံသွားတာ။ အတန်းခန်းထဲကနေ အပြင်ကို ချဲ့ချဲ့သွားတာ။ သူကျင်လည် မြင်တွေ့နေရတဲ့ သူ့ပတ်ဝန်းကျင် အကြောင်းဆိုတော့ ကလေးက စိတ်ဝင်တစား ဖတ်ပြီ။ ဒီလိုဖတ်နေရင်းက ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်တို့၊ ဧကဝုစ်တို့၊ ဗဟုဝုစ်တို့လို သဒ္ဒါဆိုင်ရာတွေကို လေ့ကျင့်ပေးသွားတာ။ လေ့ကျင့်တော့လည်း တစ်ယောက်တည်း စမ်းတဝါးဝါး လေ့ကျင့်ရတာမျိုး မဟုတ်ဘူး။ အဖွဲ့လိုက်တို့ နှစ်ယောက်တွဲတို့ လေ့ကျင့်ဖို့ စီစဉ်ပေးထားတာ။ ကိုယ့်ကျောင်းသုံး သဒ္ဒါမှာက ဘယ်မှာလဲ နေ့စဉ်ဘဝနဲ့ ပတ်သက်တာ။ ဘယ်မှာလဲ ပျော်ပျော်ပါးပါး လေ့ကျင့်စရာ။

သုံးက ဒီစာအုပ်အတိုင်း လေ့ကျင့်သင်ယူပြီးရင် အကျိုးကျေးဇူးများတာ။ အကျိုးကျေးဇူးတွေမှာ မည်မည်ရရ ဖြစ်ဖြစ် မြောက်မြောက် အလုပ်လုပ်ဖြစ်တာက ပထမ အကျိုးကျေးဇူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စာအုပ်ထဲမှာက အလုပ်လုပ်စရာတွေ ခိုင်းထားတာ။ ပုံစံစာရွက်တွေဖြည့်တာ စာအိတ်မှာ လိပ်စာရေးတာ၊ ချက်လက်မှတ်မှာ ရေးတာ။ ကျောင်းက အဖြစ်သနစ်တွေ ပြန်ပြောတာကအစပါတာ။ ဒါတွေလေ့ကျင့်ထားတော့ နေ့စဉ်ကြုံတွေ့ရတတ်တဲ့ အလုပ်တွေကို သဒ္ဒါသင်ယူရင်းက တတ်သွားပြီလေ။ နောက်ပြီး ကြံဆဖန်တီးတတ်တဲ့ အလေ့အကျင့်ရလာတာက အလုပ်တွေပေးထား တာပါနေတာကိုး။ ကိုယ့်ကျောင်းသုံးသဒ္ဒါမှာက ဒီလို အလုပ်လုပ်စရာ ကြံဆဖန်တီးစရာ ပါမှမပါသေးတာ။

ဒီလိုစာအုပ်မျိုးတစ်အုပ်သာ ပြုစုပေးထားလို့ကတော့ အလယ်တန်းကျောင်းသားမပြောနဲ့ မူလတန်းကလေးတွေတောင် လိုလိုလားလားသင်ချင်ကြမှာပါ။

### စာရေးတတ်စရာ လက်တွေ့သဒ္ဒါ

နောက်တစ်အုပ်က Grammar in Contexတဲ့။ ဘာသာပြန်တာတော့ ကိုယ်ကြိုက်သလိုသာ ဘာသာပြန်ကြပါတော့။ ဒီသဒ္ဒါစာအုပ်မှာလည်း သဒ္ဒါသင်တာ ဝါစင်္ဂတွေကို ရှေ့တန်းတင် သင်ပေးတာမျိုး မဟုတ်တော့ဘူး။ ဖတ်စာတွေကနေတစ်ဆင့် သင်ပေးတာ။ ဖတ်စာဆိုတာက စိတ်ဝင်စားစရာလည်းကောင်း၊ ဖတ်သူကိုလည်း တစ်ခုခု ပေးစွမ်းနိုင်စွမ်းရှိတဲ့ စာတွေ။ ဒီစာတွေ ဖတ်ရင်းကနေ သဒ္ဒါသဘောတွေ သင်ပေးတာ။ လေ့ကျင့်ပေးတာ။ ဒီလို သင်ပေးလိုက်တော့ သင်ယူတဲ့လူက ပိုတတ်၊ ပိုမှတ်မိ၊ ပြီးတော့ သူသင်ရတဲ့ဘာသာစကားကို ထိထိရောက်ရောက် အသုံးချနိုင်တော့တာပေါ့။

ဒီထဲမှာပါတဲ့ ဖတ်စာတွေက စာသင်သားသင်ယူရတဲ့ ဘာသာစကားပြောဆိုရာ နိုင်ငံနဲ့ ဆက်နွယ်နေတဲ့ အကြောင်းအရာတွေချည်း။ အခု ပြောဆိုနေတဲ့ စာအုပ်ဆိုပါတော့။ သင်ပေးနေတာက အမေရိကန်အင်္ဂလိပ်သဒ္ဒါ။ ဒီတော့ အကြောင်းအရာတွေက အမေရိကန်ယဉ်ကျေးမှုတို့၊ အမေရိကန်တွေ တွေးခေါ်မြော်မြင်ခံစားပုံတို့နဲ့ ဆက်စပ်နေလေရဲ့။ နေစရာထိုင်စရာ အခန်းရှာတာတို့၊ ဈေးဝယ်တာတို့၊ ပိတ်ရက် အားရက်တွေမှာ ဘယ်လိုနေတတ်ထိုင်တတ်တာတို့။ အဲ့ဒီလို အကြောင်းအရာ။ ဒီအကြောင်းအရာတွေကို ဖတ်ရင်းက လူမျိုးရဲ့အလေ့အကျင့်အပြုအမူကိုလည်း သိ၊သဒ္ဒါလည်း တတ်သွားအောင်လည်းသင်။ တစ်ချက်ခုတ် အချက်အများကြီး ပြတ်သွားအောင် ပြုစုထားတဲ့စာအုပ်ပါ။ မြန်မာဘာသာစကားအတွက် သဒ္ဒါဆိုရင်တော့ သင်္ကြန်အကြောင်းတွေ၊ပုဂံအကြောင်းတွေ အားနာတတ်ပုံအကြောင်းတွေနဲ့ ဝေဆာနေမှာ။ မြန်မာကျောင်းသားတွေအတွက်တင်မဟုတ်။ မြန်မာစကားသင် နိုင်ငံခြားသားတွေအတွက်ပါ အသုံးတည့်မှာ။

ဒီလို အကြောင်းအရာတွေအပြင် လေ့ကျင့်ခန်းတွေပါ ဆောင်းထားပြီး စောစောကစာအုပ်လိုပဲ နိစ္စဓူဝ လူ့ကိစ္စမှာ သင်ယူရတဲ့သူ ပြင်ဆင်ပြီးသား ဖြစ်နိုင်သမျှဖြစ်သွားအောင်အထောက်အပံ့ပေးလိုက်သေးတယ်။ စာအုပ်ကို ဖတ်လိုက်လေ့ကျင့်လိုက်လုပ်ပြီးတာနဲ့ ဘယ်ခရီး ဘယ်ထိ၊ ဘယ်အရပ် ဘယ်ဖိနပ်ရွေးတတ်သွားမှာလို့ ပြုစုသူက ဆိုလေရဲ့။ စာနဲ့ရေး ဆက်သွယ်ရ ဆက်သွယ်ရ၊ နှုတ်နဲ့ဆက်သွယ်ရ ဆက်သွယ်ရ သဒ္ဒါလည်းချော၊ သူ့နေရာနဲ့ သူလည်း အံဝင်ခွင်ကျဖြစ်။ စာတို့၊ စကားတို့ရဲ့ ပဓာနအလုပ်ဖြစ်တဲ့ဆက်သွယ်ရေးအလုပ်ကို ထိထိရောက်ရောက် ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်သွားမတဲ့လေ။ သင်ခန်းစာတွေပြင်ဆင်ထားပုံကြည့်တော့လည်း သူ့အပိုတွေ ပြောနေတာမဟုတ်ဘူးဆိုပြီး ခေါင်းညိတ်သဘောတူမိပါရော။

စာမျက်နှာ ၁၈ သို့

# မိုးရာသီ ရေဘေးကာကွယ်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု



**သာယာဝတီ ဇွန် ၃၀**
ရေလျှောင်တမံ ရေလွှဲဆည် ရေတံခါးများနှင့် ရေဘေးကာကွယ်ရေးတာများအား မိုးရာသီ ပြုပြင်ထိန်းသိမ်းထားရှိမှုများကို ဇွန် ၂၉ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ဦးစီးအရာရှိများဖြစ်ကြသော ဦးကြည်လွင်ဦး၊ ဦးမင်းမင်းဇော်တို့သည် သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်းရှိ မြစ်မခရေတံခါး(ဘင်ဒူး) ကြံ့ခိုင်မှု အခြေအနေများ၊ မိုးညိုမြို့နယ် ရေဘေးကာကွယ်ရေး(တာ)ဖြစ်သော ပေါက်ကုန်း ဆပဂံတာနှင့် ဘုရားကြီး ကုန်း × ခအောင်းပင်တာ ကြံ့ခိုင်မှု အခြေအနေများ၊ မိုးရာသီကာလ ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးသည် လက်ပံတန်းမြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေး(တာ)ဖြစ်သည့် မြစ်မခမြစ်အရှေ့ဘက် ကမ်းတာ (ဖိုးကတိုးတာ) ကြံ့ခိုင်မှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်းသိရသည်။

သူရအောင် (ပြည်)

■



ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း(MJA)ဒု-ဥက္ကဋ္ဌ ဦးတင်စိုး၊ အတွင်းရေးမှူးဦးရွှေဘုန်းအောင်၊ ပြန်ကြားရေးမှူးမျိုးကြီး(ဥသာ)နှင့် အဖွဲ့ဝင်များက ကွယ်လွန်သွားခဲ့သော ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းအဖွဲ့ဝင် မခိုင်မြတ်သူ၏မိဘများထံ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)ဗဟို ရန်ကုန်မြို့မှထောက်ပံ့သည့် ကျပ်ငွေ တစ်သိန်းနှင့် တိုင်းဒေသကြီး အဖွဲ့ဝင်များ ဝိုင်းဝန်းထောက်ပံ့ငွေကျပ်တစ်သိန်း စုစုပေါင်းကျပ်နှစ်သိန်းကို ဇွန် ၂၈ ရက် က ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

(၅၈၇)

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**လှည်းကူး ဇွန် ၃၀**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်း၊ နယ်ထိန်းအရာရှိ ဒု-ရဲအုပ်သန်းလှိုင်ဦး၊ ဒါးပိန်တောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့သည် ဇွန်လနောက်ဆုံးပတ်က ရွှေတောင်ပန်းကျေးရွာ အမက ကျောင်း၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ ကျေးရွာပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၁၈)

**စာမျက်နှာ ၁၇ မှ**

နောက်တစ်ခုက ဒီစာအုပ်မျိုးနဲ့သာ သင်ရရင် စာသင်သားတွေ ပျော်ရွှင်မှာ အသေအချာ။ ဒီစာအုပ်ထဲမှာပါတဲ့ စာတွေက နာမ်ဆိုတာ ဒါ၊ ကြိယာဆိုတာ ဒါ၊ ဝါကျလေးတွေ ရေးပြီးရှင်းပြရုံသက်သက် ထိုင်းထိုင်းမှိုင်းမှိုင်းတွေမှ မဟုတ်တာ။ စိတ်ဝင်စားစရာ ပျော်စရာကောင်းတဲ့ အကြောင်း အရာတွေ။ထင်ပေါ်ကျော်ကြားလူသိများတဲ့ ပုဂ္ဂိုလ်တွေ၊ အားကစားသမားတွေ၊ နိုင်ငံရေးသမားတွေ အကြောင်းဆို ဖတ်တဲ့သူက သိချင်ကြားချင်နေပြီးသား။ ပွဲလမ်းတွေအကြောင်းဆို စိတ်ဝင်တစားရှိပြီးသား။ ဒါတွေအကြောင်း ဖတ်ရင်းက လေ့ကျင့်ရတာ။ အစုအဖွဲ့နဲ့ လေ့ကျင့်ရတာဆိုတော့ ပျင်းစရာအကွက်ရယ်လို့ ဘယ်ရှာတွေ့ပါတော့မလဲ။

**ဇာတ်လမ်းသဒ္ဒါ**

အဲဒီစာအုပ်အကြောင်း ပြောရင်းက Story Grammar for Elementary School ဆိုတဲ့စာအုပ်ကို သတိရမိပြန်ပါတယ်။ မူလတန်း ဇာတ်လမ်းသဒ္ဒါလို့ ဘာသာပြန်ချင်လည်းပြန်၊ ဒီထက်ကောင်းမယ်ထင်တာရှိလည်း ကြိုက်သလိုပြန်ပါ။

သတိရရတဲ့အကြောင်းက ဖတ်စာကတစ်ဆင့် သဒ္ဒါသင်ပေးတာချင်း စာအုပ်နှစ်အုပ်တူနေလို့။ ဒါပေမယ့် ဖတ်ခိုင်းတဲ့ ဖတ်စာချင်းက တခြားစီ။ ပထမစာအုပ် Grammar in Context မှာပါတဲ့ ဖတ်စာတွေက စာအုပ် ပြုစုသူ စိတ်တိုင်းကျ ရေးထားတာ။ သင်ပေးချင်တဲ့ သဒ္ဒါနဲ့ လိုက်လျောညီထွေဖြစ်အောင် အကြောင်းအရာတွေ ဖန်တီးရေးထားတာပေါ့။ (လုပ်ရေးထားတဲ့စာဖြစ်နေလို့ ဒါမျိုးကို ဘာသာစကားပညာရေးပညာရှင်တွေ သိပ် သဘောမကျပါဘူး။ စကားချပ်) Story Grammar ကျ အဲဒီလို မဟုတ်ဘူး။ ရှိပြီးသားစာတွေကို ကောက် နုတ်ပြီး ဖတ်ခိုင်းတာ။ ကောက်နုတ်ချက်တွေဆိုပါတော့။ ကောက်နုတ်ချက်တွေက သာမညစာတွေ မဟုတ်ဘူး။ စာရေးကောင်းပါပေ့လို့ အများလက်ခံထားကြတဲ့စာရေး ဆရာတွေရဲ့စာတွေ။ ကက်သရင်းပက်တာဆင်တို့၊ မြန်မာအများလည်း သိကြမယ့် ဟယ်ရီပေါ်တာ စာရေး ဆရာမ ဂျေကေရောင်းလိန်းတို့လို စာရေးဆရာတွေ။ သူ့သဒ္ဒါစာအုပ်ကိုသာသုံးပြီး လေ့ကျင့်သွားရင် အဲဒီ စာရေးဆရာတွေလို ရေးတတ်သွားဖို့ ရည်မှန်းပါသတဲ့။ ပြုစုသူက ဆိုလေရဲ့။

ဒါလည်း သဒ္ဒါစာအုပ်ပြုစုသူ အပိုပြောနေတာလို့ မအောက်မေ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာအုပ်ပြုစုသူရဲ့ စိတ်ကူးက စုတုပြုပြီး စာပေဖန်တီးကြဖို့ဆုံးမခဲ့တဲ့ ဆရာမင်းသုဝဏ်ရဲ့ အဆိုအမိန့်နဲ့ တစ်သဘောတည်းမို့ပါ။ဒီစာအုပ်မှာ စာရေးဆရာတွေရဲ့ လက်ရာကောင်းတွေကို စုပေးထားတယ်။ လက်မြောက်တဲ့ အရေးအသားတွေကတစ်ဆင့် သဒ္ဒါသင်ပေးရင်းသူတို့ကို တုတတ်အောင်သင်ပေးမယ်။ အဲဒီကတစ်ဆင့်ကိုယ်တိုင်ဖန်တီးတတ်အောင် လေ့ကျင့်ပေးထားတယ်လို့ ဆိုပါတယ်။ From Immitation to Creation စကားသုံးကို သုံးထား တာ။ ကိုယ့်နိုင်ငံမှာ ဒီလိုစနစ်တကျပြုစုထားတဲ့ သဒ္ဒါ စာအုပ်မျိုးကို လိုကိုလိုအပ်နေတာ။

**ဘာလုပ်ကြမလဲ**

သဒ္ဒါသင်ကြားရေးမှာ ကျောင်းသားပျော်အောင်ရွှင်အောင်၊ သင်ရကျိုးနပ်အောင် သူတို့ ကြံကြတွေးကြလုပ်ဆောင်ကြပုံကို သိသမျှ ဖောက်သည်ချပြီးပါပြီ။

နောက် မေးခွန်းက ကိုယ့်နိုင်ငံက ကျောင်းသားလေးတွေ ပျော်ပျော်ရွှင်ရွှင် အကျိုးနပ်နပ် သင်နိုင်အောင် သဒ္ဒါကျမ်းတွေ ဘယ်သူတွေက ဘယ်လိုပြုစုကြမလဲ။ ဒီမေးခွန်းကိုရော ဘယ်သူက တာဝန်ယူဖြေမှာလဲ။ နိုင်ငံတော်က လစာရိက္ခာပေးထားတဲ့ တာဝန်ရှိသူတွေများ ရှိသလား။ သူများ နိုင်ငံမှာ ဒီလိုကျမ်းမျိုးပြုစုနိုင်တယ်ဆိုတာက ကျမ်းပြုစုသူတွေမှာ ပညာအားခိုင်ခဲ့တာ၊ စားဝတ်နေရေးမပူမပင် မကြောင့်မကြ မတောင့်မတရတာတွေလည်း ပါပါတယ်။ စာရေးပူရ၊ ဝတ်ရေးပူရ၊ နေရေးပူရ၊ အပူအပင်အကြောင့်အကြ အတောင့်အတတွေနဲ့ ကျမ်းကောင်းတစ်စောင် ပြုစုနိုင်ဖို့ အင်မတန်ခက်ပါတယ်။ တာဝန်ပေးခံထားရတဲ့ ပညာရှင်တွေ အပူအပင် အကြောင့်အကြကင်းကင်း စိတ်ကျန်းကျန်းမာမာ ကိုယ်ချမ်းချမ်းသာသာ ရှိနေမှ ဖြစ်နိုင်ကောင်းတာကို သတိမမေ့ဖို့ လိုမှာပါ။

# ပြည်သူ့အတွက် YBS

**အေးသန်း(စိန်တုံးကြီး)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့မှစပြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ) ကို ဖျက်သိမ်းပြီး အများပိုင်ယာဉ်လိုင်း (YBS)များ စတင်ပြေးဆွဲခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပေသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ ချိုသာသောစကား၊ နွေးထွေးစွာ ကြိုဆိုခေါ်ယူခြင်းများ၊ အချို့ကားများတွင်ယာဉ်နောက်လိုက်မပါဘဲ ယာဉ်မောင်းတစ်ဦးတည်းကသာ ယာဉ်မောင်းတာဝန်နှင့် ယာဉ်နောက်လိုက် တာဝန်ကိုပါပူးတွဲ တာဝန်ထမ်းဆောင်နေသည် "ကားခလေးတွေ ပုံးထဲထည့်ခဲ့ကြပါ၊ ဆင်းမည့်မှတ်တိုင် ကြိုပြီးဘဲလ် နှိပ်ပေးကြပါ၊ ကျေးဇူးတင်ပါတယ်" ဟူသော ယာဉ်မောင်း၏ ချိုသာစွာပြောဆိုလိုက်သည့်စကားကြောင့်ခရီးသည်များ စိတ်ချမ်းသာခဲ့ကြရသည်။

ယာဉ်နောက်လိုက်ပါသည့် ကားများတွင်လည်းတူညီသော ဝတ်စုံလည်ကတုံးအင်္ကျီဖြူ လုံချည်ဆင်တူတို့ဖြင့် သပ်ရပ်ခံ့ညားစွာကြည့်ကောင်းနေသည်။ ခရီးသည်များကိုလည်း အတင်းဆွဲတင်၊ ဆွဲချခြင်းများမရှိတော့၊ အားလုံးပြောင်းလဲကုန်ပြီဖြစ်သည်၊ ပြောင်းလဲချိန်တန်ပြီဆိုသည်နှင့်အညီ ပြောင်းလဲလာသဖြင့် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ သို့ကြောင့် လည်းပြည်သူတွေအားကိုးရသည့် ပြည်သူ့အတွက် YBS ဖြစ်လာရသည်။

အဆိုပါကားများကိုစီးရသည်မှာ ခရီးသွားပြည်သူများအဖို့ စိတ်ချမ်းသာနေကြသည်။ အထူးသဖြင့် ဆူးလေ- ထောက်ကြံ့ပြေးဆွဲနေသော ယခင် BRTယခု YBS(၃၇) ယာဉ်လိုင်းသည် ရန်ကုန်(ဆူးလေ) ထောက်ကြံ့ခရီးစဉ်ကို ခရီးမိုင်ဝေးသော်လည်း Air Con ပါသည့်အပြင်ကားခ ငွေကျပ် ၂၀၀ သာပေးစီး ရသောယာဉ်လိုင်းတစ်လိုင်းဟုဆိုရပေမည်။ ထို့အပြင် ပုဇွန်တောင်လမ်း (၅၀) မှတ်တိုင်မှ မော်တင်ဂိတ်ထိစီးခဲ့ရသောအမှတ် (၅၈) YBS သည်လည်း ယာဉ်စီးခ ငွေကျပ် ၁၀၀ သာပေးစီးရသဖြင့် သွားပျော်၊ လာပျော်သော ခရီးစဉ်တစ်ခုလည်းဖြစ်ပေသည်။

YBS ယာဉ်လိုင်းများ ယာဉ်စီးခကောက်ခံရာတွင် ခရီးစဉ်အပိုင်းအလိုက် ယာဉ်စီးခများကို ငွေကျပ် ၁၀၀ ဂိတ်ဆုံး ငွေကျပ် ၂၀၀ ဖြင့်သာ ကောက်ခံသင့်ပေသည်၊ ယခင်က ငွေကျပ် ၅၀ ပေးစီးရသော ခရီးစဉ်များတစ်စတစ်စပျောက်ကွယ်သွားခဲ့သည်ကို ခရီးသွားပြည်သူများ အနေဖြင့် မပြောလိုတော့သော်လည်း ခရီးစဉ်အနီးအဝေးကိုလိုက်၍ ယာဉ်စီးခကောက်ခံသွားမည်ဆိုပါက ခရီးသွားပြည်သူများ ကျေနပ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။ ယာဉ်စီးခနှုန်းထားများကို ခရီးစဉ်အပိုင်းလိုက် မော်တော်ယာဉ်များပေါ်တွင် ချိတ်ဆွဲပြသထားမည်ဆိုပါက ခရီးသွားပြည်သူများက မိမိတို့ YBS အပေါ် ယုံကြည်မှုများရှိလာကြမည်။ စီးချင်လာကြမည်ဖြစ်သည်။ ထို့အပြင် လက်ရှိပြေးဆွဲနေသော YBS ယာဉ် အချို့အဘယ့်ကြောင့် လုမောင်း၊ ကျော်တက်နေကြရသည်ကို ပြန်လည်စိစစ်အဖြေရှာဖို့လိုပေသည်။

> ယာဉ်စီးခနှုန်းထားများကို ခရီးစဉ်အပိုင်းလိုက် မော်တော်ယာဉ်များ ပေါ်တွင် ချိတ်ဆွဲပြသ ထားမည်ဆိုပါက ခရီးသွားပြည်သူများက မိမိတို့ YBS အပေါ် ယုံကြည်မှုများရှိလာ ကြမည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် တရုတ်နိုင်ငံရှိYulongနှင့် Am kai ကားကုမ္ပဏီတို့မှ ဝယ်ယူထားသည့်ဘတ်စ်ကားအစီး ၁၀၀၀ လည်း ရန်ကုန်မြို့သို့ ရောက်ရှိနေပြီး ပုဂ္ဂလိက ကုမ္ပဏီဖြစ်သော Omni Focus ကုမ္ပဏီမှဝယ်ယူထားသော အစီး ၁၀၀၀ အနက် အစီး ၄၀၀ လည်းရန်ကုန်မြို့ကို ရောက်ရှိနေပြီဖြစ်၍ ယာဉ်စီးရေလိုအပ်ချက်ဖြစ်ပေါ်နေသော YBS ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်တွင် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲရေး အာဏာပိုင်အဖွဲ့များက ဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့အပြင် Power Eleven အများပိုင်ဘတ်စ်ကား ကုမ္ပဏီကလည်း YBS ယာဉ်လိုင်း(၂၁) တွင် ယာဉ်ဟောင်း (၇၁) စီးဖြင့် ပြေးဆွဲနေရာမှ ယာဉ်သစ်များဖြင့် ဆောင်ရွက်နေပြီဖြစ်သည်။

ယခုအခါပြည်ပမှ တင်သွင်းလာသောFotonဘတ်စ်ကားသစ်များဖြင့် YBS(၈၃) ယာဉ်လိုင်းသစ်များဖြင့် လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးမှ ဘုရင့်နောင်လမ်းဆုံ၊ သမိုင်း၊ ရှစ်မိုင်ယင်းမှတစ်ဆင့် ဧရာဝဏ်လမ်း၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်များသို့ ပြေးဆွဲပေးနေသည့်အပြင် ယာဉ်လိုင်းအမှတ်(၅၆)နှင့် ယာဉ်လိုင်းအမှတ်(၂၀) တို့တွင်လည်း Fotonဘတ်စ်ကားသစ်များ ပြေးဆွဲပေးနေသဖြင့်ခရီးသွား ပြည်သူများသွားလာရေး အဆင်ပြေနေသည်ကို တွေ့နေရပေသည်။

နောက်ပိုင်းတွင် မြို့တွင်းပြေးဆွဲနေသော မီနီဘတ်စ်ယာဉ်လိုင်းများနေရာတွင် စီးတီးဘတ်စ်ယာဉ်ကြီးများဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သဖြင့် အနာဂတ်ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍသည် တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်သည်။

စာရေးသူအလုပ်ကိစ္စတစ်ခုဖြင့် ရွှေဂုံတိုင်မှ ကြည့်မြင်တိုင်သို့ YBS (၂၀)ဘတ်စ်ကားစီး၍ သွားခဲ့ရာယာဉ်နောက်လိုက်မပါဘဲယာဉ်မောင်းတစ်ဦးတည်းသာပါရှိပြီး ခရီးသွားပြည်သူများကိုအသံသွင်းထားသော သာယာနာပျော်ဖွယ်နားဝင်ချိုသံကလေးဖြင့်"ကျေးဇူးပြု၍ နားဆင်ပါရှင် သတ်မှတ်ထားသောနေရာများမှ စောင့်၍ စီးကြပါရန် ယာဉ်ပေါ်တက်ရာတွင် ယာဉ်စီးခများကို အသင့်ဆောင်ထားကြပြီး ကိုယ်တိုင် Cash Box ပိုက်ဆံပုံးထဲသို့ တိတိကျကျ ထည့်ပေးကြပါရှင် မိမိတို့ ဆင်းမည့်မှတ်တိုင်များကိုလည်း ကြိုတင်ဘဲလ်နှိပ်၍ အသိပေးကြပါရန်နှင့် ယာဉ်ပေါ်တွင်ဆေးလိပ်သောက်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းများကိုလည်း မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်ရှင် ကျေးဇူးတင်ပါသည်ရှင်" စသည့်အသံ သာသာယာယာအသံကလေးဖြင့် စပီကာဆောင်းဘောက်စ်မှ လွှင့်ပေးနေသည်ကိုလည်း ကြားခဲ့ရသဖြင့် စာရေးသူ အပါအဝင် ခရီးသွားပြည်သူများက ကျေနပ်အားရမိနေပါတော့သည်။ စပယ်ယာမပါသော်လည်း ခရီးသွားပြည်သူ အချင်းချင်းကိုယ်ချင်းစာနားလည်သဘောပေါက်ကြကာ ရှေ့ပေါက်မှ တက်ကာ နောက်ပေါက်မှဆင်းခြင်း ယာဉ်စီးခများကိုလည်း တိကျမှန်ကန်စွာ တုံ့ပြန်စေတနာမှန်ဖြင့် ထည့်ဝင်ကာ စီးကြမည်ဆိုလျှင် YBS ယာဉ်များစီးရခြင်း သည် ခရီးသွားပြည်သူတွေ အတွက်စီးပျော်သွားပျော်ကောင်းသည့် ပို့ဆောင်ရေးလိုင်းများဖြစ်လာပေမည်။

သို့ပါ၍ရန်ကုန်မြို့တော်ကြီးအတွင်း ခရီးသွားပြည်သူအပေါင်းနှင့် ဝန်ထမ်းများနေ့စဉ် ရုံးသွား/ရုံးပြန် အဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အာဏာပိုင်များနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့များက ဘက်ပေါင်းစုံမှ လိုအပ်သည်များ ထောက်ပံ့ဖြည့်ဆည်းပေးနေပြီဖြစ်ရာ YBS ယာဉ်လိုင်းအသီးသီးမှ တာဝန်ရှိသူအဆင့်ဆင့်ကအနီးကပ် ကြီးကြပ်မှုပေးကာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအားလုံးက YBS ယာဉ်လိုင်း စတင်ပြေးဆွဲချိန်ကပြုကျင့်ခဲ့သည့် စံနမူနာကောင်း၊ အကျင့်ကောင်းလေးများကိုသာ ဆက်လက်ကျင့်သုံးကာလိုက်နာ ဆောင်ရွက်သွားကြမည်ဆိုလျှင် "ပြည်သူ့အတွက် YBS" ဧကန်မုချဖြစ်လာမှာ ဖြစ်ကြောင်း စေတနာကောင်းဖြင့်ရေးသား လိုက်ရပါသည်။ ။

## တရားရုံးကို မိတ်ကပ်တွေလိမ်းလာတဲ့ T.O. P မူးယစ်ဆေးမှုနဲ့ ထောင်ဒဏ် ဆယ်လကျဖွယ်ရှိ

တောင်ကိုရီးယားရဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T. O. P ဟာ စစ်မှုထမ်းကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲခဲ့တာကို စစ်ဆေးတွေ့ရှိခဲ့ရတာကြောင့် လတ်တလောမှာ တရားရင်ဆိုင်နေပြီး သူ့ရဲ့ပထမဆုံးသောရုံးချိန်းမှာ ကြယ်ပွင့်တစ်ဦးအဖြစ် နေထိုင်စဉ်ကကဲ့သို့ မိတ်ကပ်တွေလိမ်းခြယ်ကာ ရုံးတက်လာခဲ့တဲ့အတွက် ဝေဖန်မှုတွေနဲ့ ကြုံနေရတာဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဆေးခြောက်သုံးစွဲခဲ့ကြောင်း ဝန်ခံခဲ့တာကြောင့် ထောင်ဒဏ်ဆယ်လ ကျခံဖွယ်ရှိနေကာ စောင့်ကြည့်ကာလအဖြစ် နှစ်နှစ်သတ်မှတ်ခံရဖွယ်ရှိနေကြောင်း သိရပါတယ်။

T.O. P ဟာ ပြီးခဲ့တဲ့ ဇွန် ၂၉ ရက်မှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ပထမဆုံးသော ရုံးချိန်းမှာ လာရောက်ကြားနာခဲ့တာဖြစ်ပြီး ပရိသတ်တွေကို တောင်းပန်စကားဆိုခဲ့ပါတယ်။ ဒါပေမယ့် မျက်နှာမှာတော့ မိတ်ကပ်တွေ အပြည့်ခြယ်ထားတာကို တွေ့ရတာကြောင့် T.O.P ရဲ့ အပြုအမူအပေါ် အများက ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

မူးယစ်ဆေးသုံးစွဲခဲ့တာနဲ့ပတ်သက်ပြီး စွပ်စွဲချက်တွေအနက် အချို့ကို ယခင်က ဝန်ခံခဲ့ခြင်းမရှိပေမယ့် လတ်တလောမှာတော့ T.O. P က အားလုံးကို ဟုတ်မှန်ကြောင်း အတည်ပြုခဲ့ပါတယ်။ သူဟာ ကြယ်ပွင့်တစ်ဦးအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းခံနေရတဲ့ မိန်းကလေးတစ်ဦးနဲ့အတူ ဆေးခြောက်သုံးစွဲခဲ့ကြောင်းလည်း ဝန်ခံခဲ့ပြီး ယင်းအမျိုးသမီးနဲ့ အဆက်အသွယ်မရှိတော့တာ အတော်ကြာခဲ့ပြီဖြစ်တယ်လို့လည်း ဆိုပါတယ်။

တရားရုံးကိုရောက်ရှိလာတဲ့ T.O. P ကို မီဒီယာတွေနဲ့ ပရိသတ်များစွာက စောင့်ကြည့်ခဲ့ပြီး လာရောက်ခဲ့သူတွေအရှေ့မှာ ပေါ့ပ်ကြယ်ပွင့်က တောင်းပန်စကား ဆိုခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ စိတ်ကျရောဂါက သူ့ရဲ့စိတ်ကို မတည်မငြိမ်ဖြစ်စေခဲ့ကာ ယခုလို ဆိုးရွားတဲ့အပြုအမူကို ပြုစေခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာ စစ်မှုထမ်းဆောင်နေတဲ့ T.O. P ဟာ မူးယစ်ဆေးပြဿနာကြောင့် စစ်မှုထမ်းကာလကိုလည်း အစမှပြန်လည်စတင်ရမှာဖြစ်ပါတယ်။ သူ့ရဲ့အမှုနဲ့ပတ်သက်ပြီး အပြီးသတ်ဆုံးဖြတ်မှုတွေကိုတော့ လာမယ့် ဇူလိုင် ၂၀ ရက်မှာ ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## အမြွှာရင်သွေးလေးရဲ့ ဓာတ်ပုံကို ပထမဆုံးအကြိမ် စီရိုနယ်လ်ဒို ဖော်ပြ

ဘောလုံးကြယ်ပွင့်တစ်ဦးဖြစ်တဲ့ စီရိုနယ်လ်ဒိုဟာ လတ်တလောမှာ အမြွှာရင်သွေးလေးနှစ်ဦးကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီဖြစ်ကာ ရင်သွေးလေးတွေနဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၇ ရက်က စီရိုနယ်လ်ဒိုက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ အဆိုပါဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပြီး ဓာတ်ပုံရဲ့အောက်မှာတော့ ဘဝသစ်နှစ်ခုကို ဆုပ်ကိုင်ထားခွင့်ရခဲ့ပြီဖြစ်လို့ အလွန်ပဲပျော်ရွှင်မိပါတယ်လို့လည်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

လတ်တလောမှာ ဖွားမြင်လာခဲ့တဲ့ အမြွှာလေးတွေကို ရိုနယ်လ်ဒိုက အီဗာနဲ့ မာတီရိုလို့အမည်ပေးထားကြောင်းလည်း သိရပါတယ်။ ရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အတွင်းမှာလည်း သားလေးတစ်ဦး ရရှိခဲ့ကာ လက်ရှိမှာ သူနဲ့ လက်တွဲနေတဲ့ချစ်သူ ဂျော်ဂျီနာရော့ဒရီးဂွက်စ်ဟာလည်း ကိုယ်ဝန်လွယ်ထားရတာကြောင့် မကြာမီမှာ နောက်ထပ်ရင်သွေးလေးတစ်ဦး ထပ်မံပိုင်ဆိုင်ခွင့်ရတော့မှာလည်း ဖြစ်ပါတယ်။

## ရုပ်ရှင်သမိုင်းမှာ အဆိုးရွားဆုံးရုပ်ရှင်အဖြစ် ဝေဖန်ခံနေရတဲ့ ကင်မ်ဆိုးဟွန်ရဲ့ ရုပ်ရှင်သစ် "Real"

တောင်ကိုရီးယားရဲ့ နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ ကင်မ်ဆိုးဟွန်ရဲ့ လတ်တလောမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်သစ် "Real" ဟာ ညံ့လွန်းတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး ရုပ်ရှင်သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော ရုပ်ရှင်ဖြစ်တယ်လို့ ဝေဖန်မှုတွေနဲ့ ကြုံနေရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကင်မ်ဆိုးဟွန်နဲ့ စူလီတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ယင်းရုပ်ရှင်ဟာ ရိုက်ကူးတာ ညံ့လွန်းပြီး အချိန်ပေးကာကြည့်ဖို့ရာ မထိုက်တန်တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့အပြင် ၁၈ နှစ်အောက်တွေ ကြည့်ရှုဖို့ရာ မသင့်တော်တဲ့ ရုပ်ရှင်တစ်ကားလည်းဖြစ်ကြောင်း ပရိသတ်တွေရဲ့ အဆိုးမြင်တဲ့ဝေဖန်မှုတွေကိုသာ ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းရုပ်ရှင်ဟာ စတင်ရုံမတင်မီက ပရိသတ်တွေရဲ့ အာရုံကို အထူးစွဲဆောင်ထားနိုင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသားဖြစ်တဲ့ ကင်မ်ဆိုးဟွန်ဟာ တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတွေထဲက တစ်ဦးအပါအဝင်ဖြစ်တဲ့အပြင် ခေါင်းဆောင်မင်းသမီးဖြစ်တဲ့ စူလီဟာလည်း အမျိုးသမီးတေးဂီတအဖွဲ့ "f(x)"မှ နှုတ်ထွက်ခဲ့ပြီးနောက် သူ့အနေနဲ့ ပထမဆုံး ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်လည်းဖြစ်တာကြောင့် ယင်းရုပ်ရှင်ကို အများက စိတ်ဝင်တစားစောင့်ကြည့်နေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ရုံတင်ခဲ့ချိန်မှာတော့ ပရိသတ်အများစုကို ကျေနပ်မှုမပေးနိုင်ဘဲ ယခုလို ဝေဖန်သံတွေကို ပေါ်ထွက်လာစေခဲ့တာဖြစ်ပါတယ်။

"Real" ကို လက်ခံရိုက်ကူးပေးခဲ့တဲ့အတွက် မင်းသား ကင်မ်ဆိုးဟွန်ကို အပစ်တင်ကြပြီး အချို့က သူ့ရဲ့အနာဂတ်ရပ်တည်မှုကိုပင် ထိခိုက်မှာ စိုးရိမ်ရကြောင်း ဝေဖန်ခဲ့ကြပါတယ်။ စူလီကိုလည်း ကြယ်ပွင့်တစ်ဦးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ ရိုက်ကူးမှုတွေကို ပြုခဲ့တဲ့အတွက် ယင်းရုပ်ရှင်ဟာ သူ့အပေါ် ထားရှိတဲ့ ပရိသတ်တွေရဲ့လေးစားမှုတွေကို ပျောက်ဆုံးစေခဲ့ကြောင်း ဝေဖန်သံတွေ ပေါ်ထွက်လာခဲ့ပါတယ်။



"Real" ရုပ်ရှင်မိတ်ဆက်ပွဲကို တက်ရောက်လာတဲ့ ကင်မ်ဆိုးဟွန်နဲ့ စူလီ။

ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်မှာ စတင်ရုံတင်ခဲ့တဲ့ "Real"ဟာ အဖွင့်နေ့မှာ လာရောက်ကြည့်ရှုသူပရိသတ် ၁၅၀၈၃၉ ယောက်ကို ရရှိခဲ့ကြောင်း သိရပါတယ်။

## လီဟိုရီ၏ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်

တစ်ချိန်က တောင်ကိုရီးယားရဲ့ ပေါ့ပ်တေးဂီတလောကကို ဦးဆောင်ခဲ့သူ တေးသံရှင်တစ်ဦးဖြစ်တဲ့ လီဟိုရီဟာ တေးဂီတလောကမှ နှစ်အတော်ကြာ အနားယူခဲ့ပြီးနောက် လတ်တလောမှာတော့ သူ့ရဲ့ တေးဗီဒီယိုသစ်နဲ့အတူ ပရိသတ်အရှေ့ အရောက်ပြန်လာခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာမှ စတင်ထုတ်လွှင့်ခဲ့တဲ့ လီဟိုရီရဲ့ တေးဗီဒီယိုဟာ "Seoul" လို့ အမည်ရပြီး သူ့ရဲ့မကြာခင်ထွက်ရှိလာမယ့် ခြောက်ခုမြောက် တေးအယ်လ်ဘမ် "Seoul" မှာ ပါဝင်မယ့်တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းတေးသီချင်းမှာတော့ လီဟိုရီနဲ့အတူ အခြားသော တေးသံရှင်တစ်ဦးဖြစ်တဲ့ ကီလိုဂရမ်ဇ်က ပါဝင်အားဖြည့်သီဆိုပေးထားတာဖြစ်ပါတယ်။

တေးအယ်လ်ဘမ်ရဲ့အမည်ကို "Seoul"(ဆိုးလ်)လို့ တောင်ကိုရီးယားရဲ့ မြို့တော်အမည်ကို ပေးထားတာဖြစ်ပြီး မြို့တော်နဲ့ပတ်သက်တဲ့အမြင်တွေကို ရှုထောင့်အမျိုးမျိုးမှ ခံစားပုံဖော်ထားပေမယ့် အဆိုးမြင်တဲ့ဘက်ကမဟုတ်ဘဲ အပြုသဘောဆောင်တဲ့ ဖော်ပြချက်မျိုးသာဖြစ်တယ်လို့လည်း တေးဗီဒီယိုထုတ်လွှင့်မှုအကြိုအဖြစ် ပြီးခဲ့တဲ့ ဇွန် ၁၉ ရက်က ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးမှာ လီဟိုရီက ဖွင့်ဟခဲ့ကြောင်းလည်း သိရပါတယ်။

လီဟိုရီရဲ့ တေးအယ်လ်ဘမ်သစ် "Seoul" ဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Monochrome" ပြီးနောက် ပထမဆုံးပြန်လည်ထွက်ရှိလာမယ့် တေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာ ပေါ့ပ်ကြယ်ပွင့်အနေနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "Fin.K.L."မှ နှုတ်ထွက်ခဲ့ပြီး ပေါ့ပ်တေးဂီတလောကကိုပါ ကျောခိုင်းခဲ့ရတဲ့အကြောင်းအရာတွေကို ထည့်သွင်းရေးဖွဲ့ထားကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် စိတ်ပဋိပက္ခတွေနဲ့ ရင်ဆိုင်နေရတဲ့သူတစ်ဦးရဲ့ ဆိုးလ်မြို့အပေါ် အမြင်တွေကိုလည်း ခံစားဖော်ကျူးထားကြောင်းလည်း သိရပါတယ်။

